သန်းခေါင်စာရင်းရလဒ် ထုတ်ပြန်ခြင်းဆိုင်ရာ ဆွေးနွေးပွဲ လမ်းညွှန်များ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်သူ့အင်အားဦးစီးဌာန

ဒီဇင်ဘာ ၂၀၁၄

သန်းခေါင်စာရင်းရလဒ် ထုတ်ပြန်ခြင်းဆိုင်ရာ ဆွေးနွေးပွဲ လမ်းညွှန်များ

မာတိကာ

ဤလမ်းညွှန်၏ရည်ရွယ်ချက်ကဘာလဲ	၁
သန်းခေါင်စာရင်းရလဒ် ထုတ်ပြန်ခြင်းအကြောင်း ဆွေးနွေးခြင်း၏ ရည်ရွယ်ချက်များ	၂
ဤလမ်းညွှန်ကို ဘယ်သူတွေအသုံးပြုနိုင်ပါသလဲ	၃
ဒီဆွေးနွေးပွဲတွေကိုစီစဉ်ဖို့ ဘယ်လိုပြင်ဆင်ရန် လိုပါသလဲ	၄
သန်းခေါင်စာရင်းအချက်အလက်များ အသုံးချနိုင်မှုနှင့်ပတ်သက်သည့် အဓိကအချက်များ	၅
သန်းခေါင်စာရင်းအချက်အလက်များနှင့် ၄င်းတို့၏ အသုံးဝင်နိုင်မှုများ	၆
သန်းခေါင်စာရင်းအချက်အလက်ကို ဘယ်သူတွေအသုံးပြုမလဲ	၁၁
သန်းခေါင်စာရင်းအချက်အလက်ထုတ်ပြန်မှုနှင့် ပတ်သက်သော ဆွေးနွေးပွဲ (သို့မဟုတ်) နှီးနှောဖလှယ်ပွဲ မည်သို့စီစဉ်မလဲ	၁၃
ပံ့ပိုးဆောင်ရွက်မှုအတွက်နည်းလမ်းများ	၁၉
ဆွေးနွေးပွဲတက်ရောက်သူ၏ အကြံပြုချက်များ	၂၀



ဤလမ်းညွှန်၏ရည်ရွယ်ချက်ကဘာလဲ

ပြည်သူ့အင်အားဦးစီးဌာနရှိ သန်းခေါင်စာရင်းစီမံကိန်းရုံးသည် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်နှင့် ဒေသန္တရဆိုင်ရာအဆင့်တို့တွင် သန်းခေါင်စာရင်းအချက်အလက်များကို ထုတ်ပြန်ကြေညာခြင်း၊ အသုံးချခြင်းနှင့်ပတ်သက်၍ ပိုမိုကောင်းမွန်သော ဆွေးနွေးပွဲ၊ ဟောပြောပွဲများလုပ်ဆောင်ရာတွင် အထောက်အကူပြုစေရန် ဤလမ်းညွှန်ကို ပြုစုခဲ့ပါသည်။ ဤလမ်းညွှန်ကို ၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ရလဒ်နှင့်သက်ဆိုင်သော မည်သည့် ဆွေးနွေးပွဲတွင်မဆို အသုံးချနိုင်ပါသည်။

ဤလမ်းညွှန်မှ သန်းခေါင်စာရင်းအချက်အလက်များကို မည်သည့်အုပ်ချုပ်မှုအဆင့်တွင်မဆို ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲသူများ၊ ပြည်သူ့အာဏာပိုင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများ၊ ပညာရှင်များ၊ သုတေသနပြုသူများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသန္တရအဆင့်နှင့် အိမ်ထောင်စုအဆင့်အထိ လူတစ်ဦးချင်းစီအထိ မည်သို့မည်ပုံ အကျိုးရှိရှိ အသုံးပြုနိုင်သည်ကို ရှင်းလင်းပြသနိုင်ရန် အထောက်အကူပြုပါလိမ့်မည်။

ဤလမ်းညွှန်သည် ပါဝင်တက်ရောက်သူများနှင့် ဆွေးနွေးပွဲများတွင် ပေါ်ထွက်လာနိုင်သည့် မေးခွန်းအများစုကို ဖြေဆိုနိုင်စေရန် အထောက်အကူပြုပါလိမ့်မည်။ထို့အတွက်ဆွေးနွေးပွဲများနှင့်အချက်အလက်ဖြန့်ဖြူးခြင်းအခမ်းအနားများတွင်အကောင်းဆုံးလုပ်ဆောင်နိုင်စေရန်လည်း ကူညီပါလိမ့်မည်။ ဤသို့ဖြင့် ဤလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်သူများအကြား သန်းခေါင်စာရင်းရလဒ်များနှင့် ပတ်သက်၍ ယုံကြည်မှု တည်ဆောက်ခြင်းနှင့် ရလဒ်များကို မည်သို့မည်ပုံအသုံးချနိုင်သည်ဆိုသည့် နားလည်သဘောပေါက်မှုများ တိုးပွားလာစေရန်လည်း အထောက်အကူ ပြုပါလိမ့်မည်။

ပါဝင်တက်ရောက်သူများမှ အပြန်အလှန်ဆွေးနွေးချက်များနှင့် သန်းခေါင်စာရင်းအချက်အလက်များကို ၄င်းတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများနှင့်အစီအစဉ်များတွင်မည်ကဲ့သို့အသုံးဝင်အောင်လုပ်ဆောင်သင့်သည်စသည့်အကြံပြုချက်များကိုရယူနိုင်လျှင်ပိုမိုကောင်းမွန်ပါသည်။

ဤလမ်းညွှန်ကို ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တွင် သန်းခေါင်စာရင်းအချက်အလက် အသုံးချမှုသင်တန်းနှင့် ဆွေးနွေးပွဲများ (သို့မဟုတ်) မြို့နယ်အစည်းအဝေးများတွင် စွမ်းရည်မြှင့်တင်မှုလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့်လည်း အသုံးပြုနိုင်သည်။ ဆွေးနွေးပွဲများသည် စနစ်တကျ (သို့မဟုတ်) စနစ်မကျသော ပုံစံများလည်း ဖြစ်နိုင်ပါသည်။ တက်ရောက်သူများအဆင်ပြေသည့် (စာသင်ခန်း၊ ရုံးခန်း၊ ရပ်/ကျေးခန်းမ အစရှိသည့်) ဆွေးနွေးပွဲနေရာကို စီစဉ်ကျင်းပရန်ဖြစ်သည်။

ဤလမ်းညွှန်မှ ဆွေးနွေးပွဲများစီစဉ်ရေးအတွက် အသုံးချနိုင်မည့် နည်းလမ်းအချို့ကိုလည်း အကြံပြုပါလိမ့်မည်။ လုပ်ဆောင်ချက်များမှ အကောင်းဆုံးရလဒ်များ ထွက်ပေါ်လာနိုင်စေရန်အတွက် ဆွေးနွေးပွဲတွင် ပါဝင်သူများ၏ ထိုးထွင်းတီထွင်မှုနှင့် လိုက်လျောညီထွေမှု ရှိစေရန် ဆောင်ရွက်သင့်ပါသည်။ လူကြီးမင်းတို့၏ အဖွဲ့အစည်း (သို့မဟုတ်) အစုအဖွဲ့၏ ယခင်က ရပ်/ကျေးအဆင့်တွင် အလားတူလှုပ်ရှားမှုများ၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် နည်းလမ်းများဖြင့် အားလုံးပါဝင်နိုင်ရန် အသုံးပြုနိုင်ပါသည်။

သန်းခေါင်စာရင်းရလဒ်ထုတ်ပြန်ခြင်းအကြောင်း ဆွေးနွေးခြင်း၏ရည်ရွယ်ချက်များ

သင့်အနေဖြင့် (အစိုးရဝန်ကြီးဌာနများနှင့်ဦးစီးဌာနများမှ) အစိုးရဝန်ထမ်းများ၊ (လူမျိုးစုအရေး၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ၊ သာတူညီမျှရှိမှုနှင့် လူ့အခွင့်အရေးကိစ္စအစရှိသည့်) များပြားလှစွာသော လူမှုကိစ္စရပ်များအပေါ် လုပ်ဆောင်လျက်ရှိသော အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ပုဂ္ဂလိက ကဏ္ဍ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ ပညာရပ်ကျွမ်းကျင်သူများ၊ သုတေသနပညာရှင်များနှင့် အခြားစိတ်ဝင်စားသော အဖွဲ့များမှ ဆွေးနွေးပွဲများကျင်းပရန် စီစဉ်နိုင်ပါသည်။

ဤဆွေးနွေးပွဲများနှင့် ဟောပြောပွဲများ၏ အဓိကရည်မှန်းချက်မှာ တစ်ဦးတစ်ယောက်ချင်းစီ၊ ရပ်ကျေးအဆင့်များနှင့် အခြားပါဝင်ပတ်သက်သူများကို သန်းခေါင်စာရင်းအချက်အလက်ထုတ်ပြန်မှုနှင့် ပြည်သူလူထုကြားဖြစ်ပေါ်နိုင်သည့် အယူအဆလွဲမှားမှုများနှင့် ယုံမှားသံသယများကိုဖြေရှင်းပေးနိုင်စေရန်ကြိုတင်ပြင်ဆင်ခြင်းဖြစ်ပါသည်။ ဆွေးနွေးပွဲများ၏အဆုံးတွင်တက်ရောက်သူတစ်ဦးချင်းစီ၏နေ့စဉ်ဆောင်ရွက်ချက်များမှစ၍ ၎င်းတို့နေထိုင်ရာ လူမှုဝန်းကျင်တွင် သန်းခေါင်စာရင်းအချက်အလက်များ၏ အရေးပါမှုကို ပိုမိုရုပ်ပြအသိအမှတ်ပြုမိစေရန် ရည်ရွယ်ပါသည်။

ပါဝင်တက်ရောက်သူများအနေဖြင့် ပြည်သူ့အင်အားဦးစီးဌာနတွင် မည်သည့်လုပ်ဆောင်ချက်များ ဆောင်ရွက်နေသည်ကို သိရှိနိုင်သည် သာမက သန်းခေါင်စာရင်းအချက်အလက်များ ထုတ်ပြန်မည့်အချိန်ဇယားကိုလည်း သိရှိပြီးအချက်အလက်ထုတ်ပြန်မှုနှင့် စပ်လျဉ်းသော အကြောင်းအရာများကို မည်သို့မည်ပုံရရှိနိုင်သည်ကို သိရှိနားလည်လာစေပါမည်။

ဆွေးနွေးချက်၊ အစည်းအဝေးများ၏ အဓိကဦးတည်ရည်မှန်းချက်များမှာ

(က) သန်းခေါင်စာရင်းအချက်အလက် အသုံးပြုမည့်သူများနှင့် အခြေခံပြည်သူလူထုတို့အနေဖြင့် သန်းခေါင်စာရင်းအချက်အလက်များ၏ အရည်အသွေးနှင့် အသုံးဝင်ပုံကိုယုံကြည်မှုရှိပြီး နားလည်၍ အချက်အလက်များ အသုံးပြုနိုင်စေရန်၊

(ခ) သန်းခေါင်စာရင်းအချက်အလက်ထုတ်ပြန်ခြင်းနှင့် အသုံးပြုမှုတို့အပေါ် ပွင့်လင်းမြင်သာမှု ပိုမိုရရှိလာစေရန်၊

(ဂ) မေးခွန်းများကို ဖြေကြားနိုင်စေရန်၊ သန်းခေါင်စာရင်းနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လျက်ရှိသော အထင်အမြင်လွဲမှားမှုပပျောက်စေရန်နှင့် အာဏာပိုင်များနှင့် စိတ်ဝင်စားသောအစုအဖွဲ့များအနေဖြင့် အချက်အလက်ကိုမည်ကဲ့သို့ အသုံးချနိုင်သည်ကို သိရှိစေရန်။

ဤလမ်းညွှန်ကို ဘယ်သူတွေအသုံးပြုနိုင်ပါသလဲ

ဤလမ်းညွှန်ကို ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲခြင်း၊ စီးပွားရေးစီမံကိန်းများ ရေးဆွဲခြင်း၊ ဒေသဆိုင်ရာဆွေးနွေးပွဲများနှင့် အခြားဆက်စပ်အသုံးပြုသူများအတွက် သန်းခေါင်စာရင်းရလဒ်များ၏ အရေးကြီးပုံကို ပိုမိုနားလည်စေလိုသည့်ရည်ရွယ်ချက်ဖြင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း၊ အစိုးရအရာထမ်းများနှင့် ဆွေးနွေးပွဲများကျင်းပလိုသည့် အဖွဲ့အစည်းများနှင့် ၂၀၁၄ သန်းခေါင်စာရင်းရလဒ်အကြောင်း သိရှိလိုသည့် အဖွဲ့အစည်းများမှ အသုံးပြုရန်ရည်ရွယ်ပါသည်။

ဆွေးနွေးပွဲများကျင်းပရာတွင် အောက်ပါအဖွဲ့အစည်းများသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နိုင်သည်ဟု ဤလမ်းညွှန်မှ အကြံပြုပါသည်-

- လူမှုအစုအဖွဲ့များနှင့် လူမျိုးစုခေါင်းဆောင်များ
- လွှတ်တော်ကိုယ်စားလှယ်များ
- ရပ်ရွာ ခေါင်းဆောင်/အကြီးအကဲများ
- အရပ်ဘက်လူမှုအဖွဲ့အစည်းများ (အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အမျိုးသမီးအရေး၊ လူငယ်အရေး၊ မသန်စွမ်းများအရေးနှင့် အခြားသောအရေးလှုပ်ရှားသော အဖွဲ့များ)
- အစိုးရအဆင့်မြင့်အရာရှိများ (မည်သည့်ဝန်ကြီးဌာန၊ မည်သည့်ဦးစီးဌာနများမှမဆို)
- မြို့နယ်သန်းခေါင်စာရင်းကော်မတီများနှင့် ကော်မတီအဖွဲ့ဝင်များ
- နိုင်ငံတော်နှင့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် သန်းခေါင်စာရင်းအချက်အလက်များအသုံးချခြင်းနှင့် အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ ဆွေးနွေးပွဲ စီစဉ်ဆောင်ရွက်မည့်သူများ

ဒီဆွေးနွေးပွဲတွေကိုစီစဉ်ဖို့ ဘယ်လိုပြင်ဆင်ရန် လိုပါသလဲ

သန်းခေါင်စာရင်းစီမံကိန်းရုံးအနေဖြင့်အသုံးပြုပုံလက်စွဲနှင့်လမ်းညွှန်တို့ကိုထုတ်ပေးပါမည်။စီစဉ်သူအနေဖြင့်လက်စွဲတွင်ပါရှိသောအကြောင်းအရာများကို အကျွမ်းတဝင်ရှိစေရန်နှင့် ပါဝင်သောအကြောင်းအရာများ၏ဆိုလိုရင်းကို သဘောပေါက်နားလည်ထားရန် လိုပါသည်။

ဤလမ်းညွှန်၏ အထူးသဖြင့် သန်းခေါင်စာရင်းအချက်အလက်အသုံးဝင်မှု၊ အကျိုးကျေးဇူးနှင့် အချက်အလက်အသုံးပြုနိုင်မည့်သူများနှင့် သက်ဆိုင်သောအခန်းများအားလုံးကိုလည်း ဖတ်ရှုပြီးနားလည်ထားရန် လိုပါသည်။

ဆွေးနွေးပွဲစီစဉ်ရန် ဆန္ဒရှိသူများအားလုံးသည် မိမိတို့ကိုယ်တိုင် အောက်ပါအကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိအောင် ပြုလုပ်ရန် တိုက်တွန်းပါသည်။ အခြားသော လိုအပ်မည့်အကြောင်းအရာများကို နောက်ပိုင်းတွင် ထပ်မံပံ့ပိုးသွားမည် ဖြစ်ပါသည်။ (အင်တာနက်အသုံးပြုနိုင်သော နေရာများတွင် www.dop.gov.mm နှင့် http://myanmar.unfpa.org တို့တွင် ရယူနိုင်ပါသည်။)

၁။ ၂၀၁၄ခုနှစ် မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းလူဦးရေစာရင်း (၂၀၁၄ခုနှစ်၊ ဩဂုတ်လ)

၂။ ရွှေ့ပြောင်းလူဦးရေစာရင်းနှင့်ပတ်သက်၍ သိကောင်းစရာများ

၃။ သန်းခေါင်စာရင်းရုံးမှာ ဘာတွေဆောင်ရွက်နေပါသလဲ

၄။ မြန်မာသန်းခေါင်စာရင်းအချက်အလက်များ တိကျမှန်ကန်မှုအတွက် လုပ်ငန်းအဆင့်ဆင့်

၅။ ရွှေ့ပြောင်းလူဦးရေစာရင်းအနှစ်ချုပ်

၆။ သန်းခေါင်စာရင်းနှင့်ပတ်သက်သော မေးလေ့ရှိသည့် မေးခွန်းများနှင့်အဖြေများ

သန်းခေါင်စာရင်းဆိုင်ရာအကြောင်းအရာများနှင့် မိမိကိုယ်ကို အကျွမ်းတဝင်ဖြစ်စေပြီးနောက်တွင် ဆွေးနွေးပွဲများစီစဉ်ကျင်းပရန်အတွက် တက်ရောက်မည့်ပရိသတ်နှင့် အစီအစဉ် (စာသင်ခန်း၊ ခန်းမ၊ အိမ်၊ ရုံးခန်း၊ ရပ်ကွက်ကျေးရွာအတွင်း ကွင်းပြင်ကျယ်အစရှိသည့်) အပေါ်မူတည်၍ အကျိုးသက်ရောက်မှုအရှိဆုံး အားလုံးပါဝင်နိုင်စေမည့်နည်းလမ်းကို မိမိကိုယ်တိုင်ဆုံးဖြတ်ရန် ဖြစ်ပါသည်။ ဥပမာဆိုရပါမူ ရပ်ကွက်/ကျေးရွာအတွင်းတွင် အားလုံးပါဝင်သောပြဇာတ်ပုံစံအခင်းအကျင်းသည် ပိုမိုအကျိုးရှိမည်ဖြစ်သကဲ့သို့ လူငယ်ထုကိုဦးတည်သော အခမ်းအနားမျိုးတွင် ကစားနည်းများ၊ ဉာဏ်စမ်းပဟေဠိအစရှိသည်တို့သည် ပိုမိုအကျိုးသက်ရောက်မည် ဖြစ်ပါသည်။ လက်စွဲစာစောင်များအားလုံးကို ဆွေးနွေးပွဲပါဝင်တက်ရောက်သူ အားလုံးထံသို့ ဖြန့်ဝေထားရပါမည်။ ထပ်မံရှင်းလင်းရန် လိုအပ်သော မေးခွန်းများရှိပါက feedback2014census@unfpa.org သို့အီးမေးလ်ပို့ မေးမြန်းနိုင်ပါသည်။

သန်းခေါင်စာရင်းအချက်အလက်များ အသုံးချနိုင်မှုနှင့်ပတ်သက်သည့် အဓိကအချက်များ

အောက်ပါအချက်များသည် ဆွေးနွေးပွဲအဆုံးတွင် ပါဝင်တက်ရောက်သူများ နားလည်စေရေးအတွက် အထူးပြုဆွေးနွေးရန် လိုပါသည်-

၁။ ပြည်သူလူထုအနေဖြင့် ၂၀၁၄ခုနှစ် မတ်လနှင့်ဧပြီလတို့တွင် ပြုလုပ်ခဲ့သော သန်းခေါင်စာရင်း ကောက်ခံမှုလုပ်ငန်းစဉ်တွင် တန်ဖိုးကြီးသော သတင်းအချက်အလက်များကို ပေးခဲ့ပြီးဖြစ်ပါသည်။ ၎င်းအချက်အလက်များကို ယခုအခါစုစည်း၊ စာရင်းဇယားပြုစု ဆန်းစစ်လေ့လာ၍ အခြေခံပြည်သူလူထုအထိ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိစေမည့် အစီရင်ခံစာများထုတ်ပြန်နိုင်ရန် လုပ်ဆောင်လျက် ရှိပါသည်။ ၂၀၁၄ခုနှစ်ဩဂုတ်လတွင် ရွှေ့ပြောင်းလူဦးရေစာရင်းကို ကြေညာထားသည့်အချိန်ဇယားအတိုင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ပင်မအစီရင်ခံစာကို ၂၀၁၅ခုနှစ် မေလအတွင်းတွင် ထုတ်ပြန်ရန်စီစဉ်ထားပါသည်။ အသေးစိတ်လေ့လာဆန်းစစ်သည့် အစီရင်ခံစာများကို ၂၀၁၅ခုနှစ် နိုဝင်ဘာမှစ၍ ထုတ်ပြန်သွားပါမည်။

၂။ ပင်မအစီရင်ခံစာတွင် လူဦးရေကိန်းဂဏန်းများနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များကို ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်တို့အတွက် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။ အချို့သောအချက်အလက်များကို ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ထုတ်ပြန်ပါလိမ့်မည်။ အသေးစိတ်လေ့လာဆန်းစစ်သည့်အစီရင်ခံစာတွင် မွေးဖွားခြင်း၊ သေဆုံးခြင်း၊ ပြောင်းရွှေ့သွားလာခြင်းနှင့် မြို့ပြအခြေအနေ၊ ပညာရေး၊ မသန်စွမ်းမှုအခြေအနေ၊ ကလေးသူငယ်နှင့် အရွယ်မရောက်သေးသူများ၊ သက်ကြီးရွယ်အိုများ၊ လုပ်သားအင်အား၊ ကျား-မသာတူညီမျှမှုနှင့် အခြားသောအစီရင်ခံစာများ ပါဝင်ပါလိမ့်မည်။

၃။ သန်းခေါင်စာရင်းရလဒ်များသည် ကျွန်ုပ်တို့၏ကလေးသူငယ်များနှင့် ကျွန်ုပ်တို့၏မြေးမြစ်များအပါအဝင် ကျွန်ုပ်တို့အားလုံးအတွက် အသုံးဝင်ပါလိမ့်မည်။ နိုင်ငံတိုင်းတွင် အစီအစဉ်ရေးဆွဲခြင်း၊ ဝန်ဆောင်မှုနှင့် လူနေမှုဘဝတိုးတက်ရေးတို့အတွက် လူဦးရေနှင့် သက်ဆိုင်သော အခြေခံသတင်းအချက်အလက်များ လိုအပ်ပါသည်။ ကောင်းမွန်သောအစီအစဉ်ချမှတ်မှုသည် ခိုင်လုံသော၊ တိကျ၍ အသေးစိတ်သော အချိန်နှင့်တပြေးညီဖြစ်သော နိုင်ငံတွင်းရှိလူဦးရေစာရင်းပေါ်တွင် အခြေခံပါသည်။ သန်းခေါင်စာရင်းရလဒ်များမှ အစိုးရနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက် မူဝါဒချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲခြင်းနှင့် ပြည်သူ့စီမံခန့်ခွဲမှုတို့အတွက် မရှိမဖြစ်လိုအပ်သော အချက်အလက်များ ပေးစွမ်းပါလိမ့်မည်။

၄။ သန်းခေါင်စာရင်း၏ အကောင်းဆုံးစွမ်းဆောင်ရည်တစ်ခုမှာ အောက်ခြေအုပ်ချုပ်မှုအဆင့်ထိ လူဦးရေအချက်အလက်များကို အသေးစိတ်ပြုစုထားခြင်း ဖြစ်ပါသည်။ တိုင်းဒေသကြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက် ကျေးရွာအုပ်စုအထိ နေထိုင်သောလူဦးရေအရေအတွက်ကို ဖော်ပြပါသည်။ ၎င်းအချက်အလက်များကိုအသုံးပြု၍ တာဝန်ရှိသူများအနေဖြင့် သောက်သုံးရေ၊ လျှပ်စစ်မီး၊ ချက်ပြုတ်ရန်အသုံးပြုသောလောင်စာ အစရှိသည့် လိုအပ်ချက်များပံ့ပိုးမှု၊ ကလေးသူငယ်များ၊ အမျိုးသမီးနှင့်အမျိုးသား ကျန်းမာရေးစောင့်ရှောက်မှု၊ ကလေးသူငယ်များအတွက် စာသင်ကျောင်းများ၊ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်များအတွက် ကျွမ်းကျင်မှုမြှင့်တင်ရေး၊ ကျွန်ုပ်တို့၏ကလေးသူငယ်များအတွက် ကလေးသူငယ်စောင့်ရှောက်အစီအစဉ်များ၊ အစရှိသည့် လုပ်ဆောင်မှုများနှင့်ပတ်သက်၍ အစဉ်အဆက်အလိုက် ပိုမိုကောင်းမွန်သောဆုံးဖြတ်ချက်များ အဆင့်တိုင်းတွင် ချမှတ်နိုင်ပါသည်။ သန်းခေါင်စာရင်းအချက်အလက်များဖြင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများအတွက် အစီအစဉ်များ၊ လူနေမှုအဆင့်အတန်းမြှင့်တင်နိုင်စေရေးနှင့် လက်ရှိ အခက်အခဲပြဿနာများ ဖြေရှင်းနိုင်စေရေးကို ပံ့ပိုးပေးနိုင်ပါသည်။

၅။ သန်းခေါင်စာရင်းအချက်အလက်ဆိုသည်မှာ ပြည်သူများအနေဖြင့် ပြည်ထောင်စုအဆင့်တွင် အစိုးရချမှတ်သောဆုံးဖြတ်ချက်များကို သုံးသပ်စိစစ်နိုင်ရန်သာမက တိုင်းဒေသကြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကျေးအဆင့်တို့ထိ ဒေသဆိုင်ရာအာဏာပိုင်များချမှတ်သော ဆုံးဖြတ်ချက်များကိုလည်း လေ့လာသုံးသပ်နိုင်သည့်အတွက် ဒီမိုကရေစီတည်ဆောက်မှုဖြစ်စဉ်နှင့် ကောင်းမွန်သော အစိုးရတစ်ရပ်အတွက် မရှိမဖြစ်လိုအပ်ပါသည်။

ဥပမာအားဖြင့် လမ်းဖောက်လုပ်မည့်စီမံကိန်းကို ဆောင်ရွက်မည်ဆိုပါက ဤလမ်းအားအသုံးပြုနိုင်မည့် လူအရေအတွက်နှင့် ယာဉ်အရေအတွက်အား ချင့်ချိန်၍ စီမံခန့်ခွဲသူမှ ဆောင်ရွက်နိုင်သည်။ ချမှတ်သော အဆုံးအဖြတ်များသည် ကုန်ကျစရိတ် (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးသက်ရောက်မှုနှင့် ချိန်ထိုး၍ စဉ်းစားရပါမည်။ ပြည်သူလူထုအနေဖြင့် လူမှုအသိုက်အဝန်းအတွက် အကျိုးကျေးဇူးရရှိနိုင်သော စီမံကိန်းဦးစားပေးအစီအစဉ်နှင့် ကိုက်ညီမှုမရှိသည့် ကုန်ကျမှု (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုများရှိခဲ့ပါက ရှင်းလင်းချက်တောင်းခံနိုင်သည်။

အလားတူ စာသင်ကျောင်းစနစ်ရေးဆွဲရာတွင် သင့်တင့်မျှတသော စာသင်သားအရေအတွက်နှင့် သင့်လျော်သောနေရာတွင် တည်ဆောက်ရန်၊ လုံလောက်မျှတသောစာသင်ခန်း၊ ဆရာ/ဆရာမနှင့် သင်ကြားမှုအသုံးအဆောင်များ လုံလောက်စွာရှိစေရန်အတွက် ကျောင်းတက်ရောက်နိုင်သော စာသင်သားအရေအတွက်ကို ခန့်မှန်းရန်လိုအပ်သည်။

၆။ ကျွန်ုပ်တို့ လူမှုအဖွဲ့အစည်းအတွင်းရှိ လူများအကြောင်း ကျွန်ုပ်တို့ ပိုမိုသိရှိလာသည်နှင့်အမျှ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုအဖွဲ့အစည်းများမှ ကျွန်ုပ်တို့၏လိုအပ်ချက်များနှင့် ၎င်းလိုအပ်ချက်များ ပြည့်မီလာစေရေးအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ရန်ပိုမိုကောင်းမွန်စွာနားလည်သဘောပေါက်စေပါလိမ့်မည်။ဤသို့ဖြင့်ပိုမိုတာဝန်ယူမှုရှိသောရပ်ရွာခေါင်းဆောင်များဖြစ်စေရေးပံ့ပိုးပေးနိုင်ပါသည်။

၇။ ခေါင်းဆောင်များ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ မတူကွဲပြားသော လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့လူမှုအဖွဲ့အစည်း၊ ရုံးများ၊ အဖွဲ့အစည်းများနှင့် အစုအဖွဲ့များအတွင်း သန်းခေါင်စာရင်းအချက်အလက် အသုံးချမှုအတွက် လှုံ့ဆော်သူဖြစ်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့နှင့် ထိတွေ့ဆက်ဆံရသောလူများကို ကျွန်ုပ်တို့တတ်စွမ်းသလောက် သတင်း အချက်အလက်များဝေမျှပြီး သန်းခေါင်စာရင်းမှရရှိလာမည့် သတင်းအချက်အလက်များကို စိတ်ဝင်စားမှု ပိုမိုရရှိလာစေရေးအတွက် အားပေးမှု ပြုသင့်ပါသည်။

နောက်ဆက်တွဲအားဖြင့် သန်းခေါင်စာရင်းကောက်ခံစဉ် ကောက်ယူခဲ့သော အချို့သောသတင်းအချက်အလက်များကို ဖော်ပြပြီး တက်ရောက်သူများအတွက် ၎င်းအချက်အလက်များ မည်သို့အသုံးဝင်ပုံကို ဖော်ပြနိုင်ပါသည်။ အောက်တွင် ဖော်ပြထားသော ဇယားတွင် ၂၀၁၄ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းတွင် ကောက်ယူခဲ့သော အချက်အလက်များ၏ အသုံးဝင်နိုင်မှုအပေါ် သုံးသပ်ဆွေးနွေးရန်နှင့် ဆန်းစစ်လေ့လာရန်အတွက် ပုံစံပြုထားပါသည်။

သန်းခေါင်စာရင်းအချက်အလက်များနှင့် ၎င်းတို့၏ အသုံးဝင်နိုင်မှုများ

သန်းခေါင်စာရင်း အချက်အလက်	အသုံးဝင်နိုင်မှုများ
လူဦးရေ အရွယ်အစား	• လူဦးရေအရွယ်အစားကို သိရှိခြင်းအားဖြင့် ပြည်ထောင်စုအစိုးရနှင့် ဒေသဆိုင်ရာ အာဏာပိုင်များ အတွက် (ပညာရေး၊ ကျန်းမာရေး၊ အိုးအိမ်၊ ရေပေးဝေရေးနှင့် လျှပ်စစ်မီးပေးရေး အစရှိသည့်) အခန်းကဏ္ဍအလိုက် အရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့် ဝန်ဆောင်မှု လတ်တလော လိုအပ်ချက်များကို စီမံခန့်ခွဲနိုင်မည်။ • စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လူဦးရေအရွယ်အစားနှင့် (အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ်၊ အရွယ်ရောက်ပြီး လူဦးရေ၊ ကျွမ်းကျင်ဝန်ထမ်း၊ အစရှိသည့်) သွင်ပြင် လက္ခဏာများကို အသုံးပြုပြီး ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ၏ တည်နေရာကို သတ်မှတ်နိုင်သည်။ • ဗဟိုအစိုးရနှင့် ဒေသဆိုင်ရာအစိုးရများအနေဖြင့် စုစုပေါင်း လူဦးရေကိန်းဂဏန်းကို အသုံးပြုပြီး လမ်း၊ ဈေး၊ ဆေးရုံ၊ သယ်ယူပို့ဆောင်ရေး အစရှိသည့် အခြေခံအဆောက်အအုံ လျာထားချက်များကို သတ်မှတ်နိုင်သည်။ • အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများ အနေဖြင့် လူဦးရေကိန်းဂဏန်းကို အသုံးချပြီး အကျိုးခံစားခွင့် ရရှိနိုင်သည့် လူဦးရေ အရေအတွက်ပေါ် မူတည်၍ ၎င်းတို့၏ အစီအစဉ်များ၊ စီမံကိန်းများကို အစီအစဉ်ချနိုင်သည်။ **အသုံးပြုသူများ** - ပြည်ထောင်စုအစိုးရ၊ ဒေသဆိုင်ရာ အာဏာပိုင်၊ စီးပွားရေးကဏ္ဍ၊ ပညာရှင်များ၊ သုတေသနပညာရှင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ

သန်းခေါင်စာရင်း အချက်အလက်	အသုံးဝင်နိုင်မှုများ
အသက်	• စီမံကိန်းရေးဆွဲသူများနှင့် ရပ်ကျေးအဖွဲ့များမှ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးချပြီး မတူညီသော အသက်အရွယ် အပိုင်းအခြားအလိုက် လိုအပ်သော မတူညီသည့်ဝန်ဆောင်မှုများကို လူဦးရေအစိတ်အပိုင်းအလိုက် ဖော်ထုတ်နိုင်သည်။ ၎င်းတို့ထဲတွင် ကျောင်းများ၊ ဆရာ/မများနှင့် ကျောင်းနေအရွယ်ကလေးများအတွက် အသုံးအဆောင်များ၊ ကလေးစောင့်ရှောက် ထိန်းသိမ်းမှု ဝန်ဆောင်မှုများနှင့် ကလေးကျန်းမာရေး ဆေးပေးခန်းများ၊ ကျန်းမာရေးဌာနများ၊ မျိုးဆက်ပွားကျန်းမာရေး ဌာနများနှင့် ကလေးမွေးဖွားသည့် အသက်အရွယ် အမျိုးသမီးများအား စောင့်ရှောက်ပေးမည့် ကျွမ်းကျင်လုပ်သားများနှင့် သက်ကြီးရွယ်အိုများအတွက် လူမှုရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ အစရှိသည်တို့ ပါဝင်နိုင်ပါသည်။ • ထို့အပြင် လူဦးရေ၏ အသက်အရွယ်အပိုင်းအခြားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်၏ ဒီမိုကရေစီ ဖြစ်စဉ်များအတွက် စီစဉ်မှုပြုနိုင်သည်။ စီမံကိန်းရေးဆွဲသူများ၊ စိတ်ပါဝင်စားသော အဖွဲ့အစည်းများ အနေဖြင့် မဲပေးနိုင်သော အသက်အရွယ်ဦးရေကို သိရှိနိုင်ပြီး ရွေးကောက်ပွဲအတွက် လိုအပ်သလို ကြိုတင်ပြင်ဆင်မှု ပြုနိုင်ပါသည်။ **အသုံးပြုသူများ** - ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေး စီမံကိန်း ရေးဆွဲသူများ၊ ရပ်ကျေး အဖွဲ့ဝင်များ၊ သုတေသန ပညာရှင်များ၊ စီးပွားရေးကဏ္ဍ၊ ရွေးကောက်ပွဲကော်မရှင်
ကျား/မ	• လူဦးရေ ကျား/မ အချိုးအစား အချက်အလက်ကို သိရှိပါက လူမှုအဖွဲ့အစည်းများ၊ ကဏ္ဍအလိုက် အစီအစဉ်ရေးဆွဲသူများ၊ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို အမျိုးသားနှင့် အမျိုးသမီး၊ ယောကျ်ားလေးနှင့် မိန်းကလေးတို့အကြား ဝန်ဆောင်မှုနှင့် အခွင့်အလမ်းများ ကွဲပြားခြားနားမှုကို သိရှိစေနိုင်သည်။ • ဥပမာအားဖြင့် စီးပွားရေးကဏ္ဍနှင့် အိမ်တွင်းမှုလုပ်ငန်းများအတွက် မည်သူက လုပ်အား စိုက်ထုတ်သည်၊ လူမှုအသိုက်အဝန်းအတွင်း မည်သူက ဆုံးဖြတ်ချက်ချသည်။ (အိုးအိမ်နှင့် အဆောက်အဦ အစရှိသည့်) အရင်းအမြစ်တို့ကို မည်သူက ပိုင်ဆိုင်သည် စသည်တို့ကို ကျွန်ုပ်တို့ သိရှိနားလည်နိုင်သည်။ • ကျား/မ ကွဲပြားမှု အချက်အလက်ပေါ်မူတည်ပြီး ယောကျ်ားနှင့် မိန်းမအကြား သေဆုံးနှုန်း ကွာဟချက်များ၊ ယောကျ်ားနှင့် မိန်းမအကြား ပြောင်းရွှေ့အခြေချမှု ပုံစံကွာခြားချက်များနှင့် ကျား/မ အချိုးအစား အစရှိသည်တို့ကို တာဝန်ရှိသူများမှ အသုံးချနိုင်သည်။ **အသုံးပြုသူများ** - ပညာရေး၊ ကျန်းမာရေး အစီအစဉ်ချမှတ်သူများ၊ လူမှုဖူလုံရေးနှင့် စီးပွားရေးအစီအစဉ်ချမှတ်သူများ၊ လူမှုရေးဗေဒပညာရှင်များနှင့် သုတေသနလုပ်သူများ
အိမ်ထောင်ရေး အခြေအနေ	• စီမံကိန်း ရေးဆွဲသူများနှင့် လူမှုသိပ္ပံပညာရှင်များ အနေဖြင့် ဖော်ပြပါ လူဦးရေ၏ မိသားစုဖွဲ့စည်းတည်ဆောက်ပုံ၊ မျိုးဆက်ပွားကျန်းမာရေး အသိပညာလိုအပ်မှုနှင့် အိုးအိမ် လိုအပ်ချက် စသည့် အချက်အလက်များကို ရရှိနိုင်သည်။ ထို့အပြင် သန်းခေါင်စာရင်းမှ အိမ်ထောင်ပြုသူ အရေအတွက်၊ အိမ်ထောင်မပြုသူ အရေအတွက်၊ မုဆိုးဖို၊ မုဆိုးမ အရေအတွက်၊ ကွာရှင်းပြတ်စဲမှု အရေအတွက်နှင့် အိမ်ထောင်ကွဲအရေအတွက်အလိုက် အမျိုးသား အမျိုးသမီး အရေအတွက်တို့ကို ဖော်ထုတ်နိုင်သည်။ အိမ်ထောင်ရေး အခြေအနေကို သိရှိခြင်းဖြင့် မိခင်တစ်ဦးတည်းရှိသော အိမ်ထောင်စု၊ အမျိုးသမီးဦးစီးသောအိမ်ထောင်စု အစရှိသည်တို့ကို ဦးတည်သော လူမှုအစီအမံများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်။ **အသုံးပြုသူများ** - ကျန်းမာရေး၊ အိုးအိမ်စီမံကိန်းရေးဆွဲသူများ၊ လူမှုကာကွယ်ရေးကဏ္ဍ

သန်းခေါင်စာရင်း အချက်အလက်	အသုံးဝင်နိုင်မှုများ
မိသားစု ဖွဲ့စည်းပုံနှင့် အရွယ်အစား	• သန်းခေါင်စာရင်း အချက်အလက်များကို အသုံးပြုခြင်းဖြင့် လူမှုအသိုက်အဝန်းများနှင့် စီမံကိန်းရေးဆွဲသူများကို ဆက်စပ် အိမ်ထောင်စုများနှင့် ဆက်စပ်မှုမရှိသော အိမ်ထောင်စုများ၏ အိုးအိမ်လိုအပ်ချက်ကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် အိမ်ထောင်စုအရွယ်အစားကို ကြည့်ခြင်းအားဖြင့် အိမ်ထောင်စုတစ်ခု ရပ်တည် ရှင်သန်နိုင်ရေးအတွက် လူတစ်ဦးအပေါ် မှီခိုနေရသောလူဦးရေအရေအတွက်ကို အာဏာပိုင်များ သိရှိစေနိုင်သည်။ သို့အတွက် မှီခိုမှု ဝန်ထုပ်ဝန်ပိုး လျော့ကျစေရေးအတွက် ရည်ရွယ်သော ဖွံ့ဖြိုးမှုအစီအစဉ်များ ရေးဆွဲနိုင်စေမည် ဖြစ်သည်။ • အမျိုးသမီးဦးစီးသော အိမ်ထောင်စု (သို့မဟုတ်) ကလေးသူငယ် ဦးစီးသော အိမ်ထောင်စု စသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများ၏အဓိကလိုအပ်ချက်များကို ဖော်ထုတ်နိုင်သည့် အစီအစဉ်များ ရေးဆွဲသင့်သည်။ **အသုံးပြုသူများ -** လူမှုဖူလုံရေး၊ ကလေးသူငယ် စောင့်ရှောက်ရေး၊ ပညာရေး စီမံချက်ရေးဆွဲသူများ၊ စီးပွားရေးကဏ္ဍ၊ လူမှုအသိုက်အဝန်းများ
ပညာရေးနှင့် စာတတ်မြောက်မှု	• သန်းခေါင်စာရင်း အချက်အလက်များမှ လူဦးရေ၏ အဆင့်အားလုံးရှိ ပညာရေး ဆည်းပူးနိုင်မှု သတင်းအချက်အလက်များ ပေးစွမ်းနိုင်သည်။ ပညာရေး အဆင့်အတန်း၊ ဆည်းပူးနိုင်သည့် ပညာ၏အရည်အသွေး၊ စာသင်ကျောင်းများ၏လုပ်ဆောင်နိုင်မှု၊ ကျောင်းပြီးဆုံးအောင် တက်ရောက်မှုနှုန်း လုပ်သားထု၏ပညာရေး ကျွမ်းကျင်မှုတို့ကို သိရှိနိုင်ရန် အရေးကြီးပြီး စာသင်ကျောင်း အဆောက်အအုံ၊ ဆရာ/မများ မည်သည့်နေရာတွင် လိုအပ်နေကြောင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန် လိုအပ်သော နေရာကို အာဏာပိုင်များ သိရှိစေရန် အထောက်အကူ ပြုပါသည်။ • ပညာရေးနှင့် စာတတ်မြောက်မှု အချက်အလက်ကို သုံး၍ စီမံကိန်းရေးဆွဲသူများ အနေဖြင့် ကျန်းမာရေး၊ အိပ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် အကြောင်းအရာ၊ သဘာဝ ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် ကာယ်ဆယ်ရေးအစရှိသည်တို့ကို နိုင်ငံ၏ စာတတ်မြောက်မှု အဆင့်အတန်းပေါ် မူတည်၍ အကောင်းဆုံး နည်းဗျူဟာကို ရွေးချယ်နိုင်စေမည်။ **အသုံးပြုသူများ -** ပညာရေး၊ သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး စီမံကိန်းရေးဆွဲသူများ၊ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သူများ၊ စီးပွားရေးကဏ္ဍနှင့် ပညာရပ် ပညာရှင်များ
မသန်စွမ်းမှု အခြေအနေ	• မသန်စွမ်းအချက်အလက်ကို ကြည့်ခြင်းအားဖြင့် မသန်စွမ်းသူများအတွက် အထူးဝန်ဆောင်မှုများ အစီအစဉ်ဆွဲနိုင်ရန် အကူအညီပေးပါလိမ့်မည်။ စီမံကိန်း ရေးဆွဲသူများအနေဖြင့် အချက်အလက်များကို အောက်ပါရည်ရွယ်ချက်များဖြင့် အသုံးပြုပါလိမ့်မည်။ - မသန်စွမ်းသူများ နေထိုင်သော အိုးအိမ် သွင်ပြင်လက္ခဏာ - မသန်စွမ်းမှု၊ အလုပ်အကိုင်ရရှိမှုနှင့် ဝင်ငွေရရှိမှုတို့အကြား ဆက်စပ်မှုကို သုံးသပ်လေ့လာ နိုင်သည်။ ထို့အတွက် မသန်စွမ်းသူများ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမည့် အထူးအစီအစဉ်များ အကောင်အထည် ဖော်နိုင်သည်။ - မသန်စွမ်းသူများ အလုပ်လုပ်နိုင်သည့် လုပ်ငန်းခွင်နှင့် မသန်စွမ်းသူများ တက်ရောက်နိုင်သည့် စာသင်ခန်း စသည့် မသန်စွမ်းလူဦးရေအတွက် အသုံးပြုနိုင်သော အထူးဝန်ဆောင်မှုများ ပြင်ဆင်ပေးနိုင်သည်။ - သန်းခေါင်စာရင်းရလဒ်ပေါ် အခြေခံပြီး မသန်စွမ်းမှုနှင့် စပ်လျဉ်း၍ ရှေ့ဆက် သုတေသန၊ စစ်တမ်းများ လုပ်ဆောင်လာနိုင်စေသည်။ **အသုံးပြုသူများ -** လူမှုဖူလုံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စီမံကိန်း ရေးဆွဲသူများ၊ လူမှု အသိုက်အဝန်းများ

သန်းခေါင်စာရင်း အချက်အလက်	အသုံးဝင်နိုင်မှုများ
နေရပ် တည်နေရာနှင့် ယခင်နေရပ်	• အချက်အလက်များမှ စီမံခန့်ခွဲသူများအတွက် ဒေသဆိုင်ရာ(မြို့နယ်များအတွင်း (သို့မဟုတ်) ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်) ပြောင်းရွှေ့အခြေချ နေထိုင်မှုများကို သိရှိ နားလည်စေသည်။ ဤအချက်အလက်မှ လူအမြောက်အမြား အခြေချနေထိုင်သော ဧရိယာများအတွက် သောက်သုံးရေ၊ အိုးအိမ်၊ ရေနှင့် သန့်ရှင်းမှု၊ ကျန်းမာရေး၊ လျှပ်စစ်မီး၊ လုံခြုံရေး အစရှိသည့် လူမှုဝန်ဆောင်မှုလုပ်ငန်းများ အစီအစဉ်ချ ဆောင်ရွက်နိုင်ရန် အရေးကြီးပါသည်။ • အာဏာပိုင်များအနေဖြင့် လူအများအပြား အခြားဒေသသို့ ပြောင်းရွှေ့ အခြေချနေထိုင်ခြင်း မပြုလုပ်စေရန် ဆွဲဆောင်နိုင် စေမည့် မဟာဗျူဟာများ ချမှတ်ရေးဆွဲနိုင်သည်။ ဥပမာအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ခြင်း၊ ကုန်စည်စျေးကွက်ဖန်တီးပေးခြင်း၊ ကျန်းမာရေး ဝန်ဆောင်မှု များပေးခြင်း၊ ပညာရေး ဝန်ဆောင်မှုများပေးခြင်း၊ လျှပ်စစ်မီး၊ သန့်ရှင်းသော သောက်သုံးရေ၊ သယ်ယူပို့ဆောင်ရေး စနစ်အစရှိသည်များ။ **အသုံးပြုသူများ -** မြို့ပြစီမံကိန်း၊ ပညာရေးစီမံကိန်း၊ ကျန်းမာရေးစီမံကိန်း ရေးဆွဲသူများ၊ စီးပွားရေးကဏ္ဍ
အလုပ်အကိုင်နှင့် လုပ်သားအင်အား ပါဝင်မှု	• အလုပ်အကိုင်နှင့် ပတ်သက်သော သတင်းအချက်အလက်ကို အသုံးပြုခြင်းအားဖြင့် နိုင်ငံအတွင်းရှိ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ဒေသဆိုင်ရာနှင့် မြို့နယ် အဆင့်တို့တွင် အလုပ်အကိုင် အခွင့်အလမ်းမြင့်မားသောနေရာများကို ဖော်ထုတ်နိုင်ပြီး ဒေသအတွင်းနှင့် ပြင်ပတို့တွင် အလုပ်အကိုင် အခွင့်အလမ်း ဖြစ်ပေါ်နိုင်မှုများကို ဖော်ထုတ်နိုင်သည်။ • သန်းခေါင်စာရင်း ကောက်ယူစဉ်တွင် မည်သည့် လုပ်ငန်းမျိုးတွင် လုပ်ကိုင်ဆောင်ရွက် နေသူများမဆို လုပ်ကိုင်နေသော လုပ်ငန်းခွင်နှင့် သက်ဆိုင်သော မေးခွန်းများ၊ ၄င်းတို့ဒေသရှိ အဓိက အလုပ်အကိုင်များ စသည့် မေးခွန်းများ မေးမြန်းခြင်း ခံခဲ့ကြရပြီး ၄င်းအချက်အလက်များဖြင့် ၄င်းတို့ လုပ်ကိုင်နေသော လုပ်ငန်းခွင် အမျိုးအစားပေါ် မူတည်၍ စီးပွားရေးလုပ်ငန်းစု အခြေအနေကို သိရှိနိုင်ခဲ့သည်။ • ဤသတင်းအချက်အလက်ဖြင့် စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းရေးဆွဲသူများကို အလုပ်အကိုင် ရရှိမှုနှင့် ပညာရေး၊ လူနေမှု အဆင့်အတန်း၊ အသက်အရွယ်၊ အိမ်ထောင်ပြုမှု အခြေအနေ အစရှိသည်တို့နှင့် မည်သို့မည်ပုံ ဆက်စပ်သည်ကို ပိုမိုနားလည် သဘောပေါက်စေသည်။ • ဒေသဆိုင်ရာ စျေးကွက်နှင့် လုပ်ငန်းခွင်အပေါ် မူတည်၍ ကျွမ်းကျင်မှု မြှင့်တင်ရေး အစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံမည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။ **အသုံးပြုသူများ -** စီးပွားရေးကဏ္ဍ၊ စီးပွားရေး၊ လူမှုဖူလုံရေး အစီအစဉ် ရေးဆွဲသူများ၊ လုပ်သားအင်အား ဦးစီးဌာန
အိမ် အကြောင်းအရာ	• သန်းခေါင်စာရင်းနှင့် အိမ်အကြောင်းအရာများကို ကောက်ယူပြီး တိုင်းဒေသကြီးများ၊ ပြည်နယ်များအတွင်းနှင့် မြို့နယ်များ အတွင်းရှိ လူမှုနေထိုင်မှုအခြေအနေနှင့် အဆင့်အတန်းများကို တာဝန်ရှိသူများမှ သိမြင်လာစေသည်။ • စီမံကိန်းရေးဆွဲသူများအနေဖြင့် ဤသတင်းအချက်အလက်များကို အသုံးပြုပြီး တန်ဖိုးနည်းအိမ်ယာများ ဖော်ထုတ်ခြင်းစသည်ဖြင့် အိုးအိမ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများ အကောင်အထည် ဖော်နိုင်သည်သာမက ပိုမိုဆင်းရဲသော နေရာဒေသများကို သိရှိပြီး ဆင်းရဲနွမ်းပါးမှု လျော့ချရေးစီမံကိန်းများကို ဦးစားပေးအကောင်အထည် ဖော်နိုင်မည် ဖြစ်ပါသည်။ • အစီအစဉ်ဆွဲသူများနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် သန့်ရှင်းသောသောက်သုံးရေ၊ လျှပ်စစ်မီး၊ ချက်ပြုတ်ရာတွင် အသုံးပြုသောလောင်စာ အစရှိသည့် အခြေခံလူမှုအသုံး အဆောင်များ ပေါများမှု၊ ရှားပါးမှု အစရှိသည်တို့ကို သိရှိနားလည်စေနိုင်သည်။ **အသုံးပြုသူများ -** အိမ်ယာစီမံကိန်း၊ ဖွံ့ဖြိုးရေးအစီအမံရေးဆွဲသူများ၊ စီးပွားရေး ပညာရှင်များ၊ ပညာရှင်များ

သန်းခေါင်စာရင်း အချက်အလက်	အသုံးဝင်နိုင်မှုများ
မွေးဖွားခဲ့သော ကလေးအရေအတွက်	• သန်းခေါင်စာရင်း အချက်အလက်များက တာဝန်ရှိသူများနှင့် ရပ်ကျေးတာဝန်ရှိသူများကို မျိုးဆက်ပွားနိုင်သော အသက်အရွယ် အမျိုးသမီးများမှ မွေးဖွားသော ကလေးအရေအတွက်ကို နေရာဒေသအလိုက် သိရှိစေပါသည်။ • ဤကဲ့သို့ အချက်အလက်များသည် တိုင်းပြည်အတွင်းလိုအပ်သော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို သိရှိစေရန်သာမက မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုနှင့် ယခုလက်ရှိနှင့် နောင်အနာဂတ်အတွက် စာသင်ကျောင်း လိုအပ်ချက် အစရှိသည်တို့ကို သိရှိစေရန် လိုအပ်ပါသည်။ • အစီအစဉ်ချသူများ အနေဖြင့်လည်း မြန်မာနိုင်ငံ၏ လူဦးရေသည် မည်သည့်နှုန်းဖြင့် တိုးတက်လာမည်၊ ထို့အတွက် ရှိလာမည့်လူဦးရေတိုးနှုန်းနှင့် ကိုက်ညီစေရန် ဝန်ဆောင်မှုလုပ်ငန်းများ မည်သို့ အကောင်အထည်ဖော်သင့်သည် အစရှိသည်တို့ကို သိရှိစေသည်။ **အသုံးပြုသူများ** - ကျန်းမာရေး၊ ပညာရေး အစီအစဉ်ချသူများ၊ မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှုပေးသူများနှင့် ပညာရှင်များ
နိုင်ငံရပ်ခြားတွင် နေထိုင်လျက်ရှိသော အိမ်ထောင်စုဝင်များ	• ဤအချက်အလက်ဖြင့် အစီအစဉ်ရေးဆွဲသူများနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများမှ မိမိနိုင်ငံသို့ ပြန်လာလိုသူများကို (ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင် အခွင့်အလမ်း၊ အိုးအိမ် အစရှိသည့်) လူမှုဝန်ဆောင်မှုများ လုံလောက်စွာရရှိနိုင်စေရေး အစီအစဉ်များရေးဆွဲရာတွင် အထောက်အကူ ပြုနိုင်သည်။ • တာဝန်ရှိသူများ အနေဖြင့်လည်း နိုင်ငံရပ်ခြားတွင် နေထိုင်နေကြသော မြန်မာလူမျိုးများ ပြန်လာလိုအောင် ဆွဲဆောင်ရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တဖက်တလမ်းမှ ပါဝင်အားဖြည့်လာစေနိုင်ရန် နည်းဗျူဟာများ ချမှတ်ရေးဆွဲနိုင်လာစေမည်။ • နိုင်ငံရပ်ခြားတွင် ရောက်ရှိနေသူများ၏ နေထိုင်မှုပုံစံကို သိရှိနားလည်ခြင်းအားဖြင့် မြန်မာပြည်တွင်းသို့ ငွေလွှဲပေးခြင်းအပေါ် (ငွေကြေးခံစားခွင့်၊ အသုံးအဆောင်၊ ပစ္စည်းကိရိယာ အစရှိသည့်) ခံစားခွင့်များပေးခြင်း စသည့် နည်းဗျူဟာများ ချမှတ်အကောင်အထည် ဖော်နိုင်စေရန် အစီအစဉ်ဆွဲသူများကို အထောက်အကူ ပြုနိုင်သည်။
သေဆုံးမှုများ	• သန်းခေါင်စာရင်းတွင် လွန်ခဲ့သော ၁၂လ အတွင်းက အိမ်ထောင်စုအတွင်း ဖြစ်ပေါ်ခဲ့သည့် သေဆုံးခြင်း အကြောင်းအရာကို ကောက်ယူပါသည်။ • ဤသတင်းအချက်အလက်များဖြင့် နိုင်ငံအတွင်းရှိ သေဆုံးမှုနှုန်းကို သိရှိနိုင်ပြီး မည်သည့် နေရာဒေသသည် သေဆုံးမှုနှုန်း အမြင့်ဆုံးဖြစ်သည်ကို သိရှိနိုင်စေပါသည်။ ထိုအချက်အလက်များဖြင့် သေဆုံးမှုဖြစ်စေနိုင်သော အကြောင်းရင်းနှင့် ဤသို့သေဆုံးမှုကို ကာကွယ်နိုင်ပြီး ၊ လူ့သက်တမ်း ပိုမိုမြင့်မားလာစေမည့် အစီအစဉ်များ၊ လူမှုကာကွယ်ရေး အစီအစဉ်များ လုပ်ဆောင်နိုင်စေရန် တာဝန်ရှိသူများကို သိရှိစေပါသည်။ • တာဝန်ရှိသူများနှင့် ရပ်ကျေးအဖွဲ့များအနေဖြင့် သေဆုံးမှုသတင်းအချက်အလက်ကို သိရှိခြင်းဖြင့် အနာဂတ်လူဦးရေ တိုးပွားမှုပုံစံကို သိရှိနိုင်စေပါမည်။ **အသုံးပြုသူများ** - ကျန်းမာရေး၊ လူမှုဖူလုံရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး အစီအစဉ်ချသူများ၊ ပညာရပ်သမားများနှင့် ပထဝီဝင် ပညာရှင်များ

သန်းခေါင်စာရင်းအချက်အလက်ကို ဘယ်သူတွေအသုံးပြုမလဲ

သန်းခေါင်စာရင်းတွင် ကောက်ယူခဲ့သောသတင်းအချက်အလက်များကို အစိုးရဌာနများ (ပြည်ထောင်စုအာဏာပိုင်များ၊ ဒေသအာဏာပိုင်များ၊ ခရိုင်အရာရှိများ၊ မြို့နယ်အဆင့် အာဏာပိုင်များ၊ ရပ်ကျေးအာဏာပိုင်များ)၊ လူမှုအသိုက်အဝန်းများနှင့် ၎င်းတို့၏ခေါင်းဆောင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သုတေသနပညာရှင်များ၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူလူထုများ၊ အခြားသောအဖွဲ့အစည်းများမှ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသွားပါမည်။ မည်သူမဆို သန်းခေါင်စာရင်းအချက်အလက်များကို ငွေကြေး တစ်စုံတစ်ရာကုန်ကျမှုမရှိဘဲ သုံးစွဲခွင့်ရှိပါသည်။

(က) ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့်မြို့နယ်အဆင့်ရှိအစိုးရများ

နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာအဆင့်တို့တွင် သန်းခေါင်စာရင်းအချက်အလက်များကိုအသုံးပြုပြီး ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ အလုပ်အကိုင်ရရှိမှု၊ လူမှုဖူလုံရေး၊ သယ်ယူပို့ဆောင်ရေး အစရှိသည့်အစီအမံများကို အစိုးရအနေဖြင့် အစီအစဉ်များချမှတ်နိုင်သည်။ စာသင်ကျောင်းအသစ် မည်သည့်နေရာတွင်ဆောက်သင့်သည်။ ဆရာ/မ မည်မျှလိုအပ်မည်။ စာသင်ကြားရန် သင်ထောက်ကူပစ္စည်းများ မည်မျှလိုအပ်မည်။ လမ်းများ၊ ရထားလမ်းများ၊ ဈေးများ စသည်တို့ မည်သည့်နေရာတွင်လိုအပ်မည် စသည်တို့ကို အစိုးရအနေဖြင့်သိနိုင်သည်။ ဆေးရုံ၊ ဆေးပေးခန်း (သို့မဟုတ်) ကျန်းမာရေးစောင့်ရှောက်မှုဌာန မည်မျှလိုအပ်မည်။ လိုအပ်မှုရှိနေသော လူဦးရေအတွက် မည်သည့်နေရာတွင် တည်ဆောက်သင့်သည်။ ကလေးထိန်းသိမ်းစောင့်ရှောက်ရေးဌာန မည်မျှလိုအပ်သည်။ မည်သည့်နေရာတွင် လိုအပ်သည်။ ၎င်းဌာနများအကောင်အထည်ဖော်ရန် မည်သူတို့နှင့် ပူးတွဲလုပ်ဆောင်သင့်သည်တို့ကို သိရှိနိုင်သည်။

ထို့အပြင်၊ အစိုးရနှင့် ဒေသဆိုင်ရာအာဏာပိုင်များမှ သန်းခေါင်စာရင်းအချက်အလက်များကိုအသုံးပြုပြီး သန့်ရှင်းသော သောက်သုံးရေ၊ လျှပ်စစ်မီး၊ လောင်စာနှင့် တန်ဖိုးမျှတအိမ်ယာ စသည့်ဝန်ဆောင်မှုများ အာရုံစိုက်လုပ်ဆောင်သင့်သည့်နေရာများကို သိရှိနိုင်စေသည်။ ဤအချက်သည် ယခု ကောက်ခံခဲ့ပြီးသန်းခေါင်စာရင်းပါဦးရေသာမက အနာဂတ်တွင်ရှိလာမည့် လူဦးရေ (ခန့်မှန်းချက်) အတွက် လိုအပ်ချက်များကိုပါ သန်းခေါင်စာရင်းမှတဆင့် သိရှိနိုင်သည်။

ဒေသတစ်ခုအတွင်းတွင် စက်ရုံများနှင့် မတူညီသောအလုပ်များတွင် လူဦးရေမည်မျှ အလုပ်လုပ်ကိုင်နေသည်ကို သိရှိခြင်းအားဖြင့် အစိုးရအနေဖြင့်အလုပ်သမားများ၏ကျွမ်းကျင်မှုနည်းပါးခြင်းနှင့်သင်တန်းလိုအပ်ချက်များကိုဖော်ထုတ်နိုင်ပြီးအနာဂတ်အတွက်အလုပ်အကိုင်များပိုမိုတိုးတက် ကောင်းမွန်လာစေရန်အစီအစဉ်များချမှတ်နိုင်သည်။

(ခ) စိတ်ပါဝင်စားသောအဖွဲ့အစည်းများနှင့်ကိုယ်စားပြုအဖွဲ့အစည်းများ

သန်းခေါင်စာရင်း သတင်းအချက်အလက်များကို နိုင်ငံရေးနှင့် လူမှုအသိုင်းအဝိုင်းခေါင်းဆောင်များကို လွှမ်းမိုးနိုင်သော နိုင်ငံရေးပါတီများကဲ့သို့သောအဖွဲ့အစည်းများနှင့်ကိုယ်စားပြုအဖွဲ့အစည်းများမှ၎င်းတို့စိတ်ပါဝင်စားမှုအလိုက်အထူးပြုသုံးစွဲကြပါလိမ့်မည်။၎င်းတို့၏မဲဆွယ်စည်းရုံးပွဲများတွင် သန်းခေါင်စာရင်းအချက်အလက်များကို သက်သေသာဓကအဖြစ် အသုံးပြုနိုင်ပါသည်။ အချို့သောအဖွဲ့များတွင် အမျိုးသမီးအရေး၊ ကလေးသူငယ်အခွင့်အရေး၊ လူငယ့်အရေး၊ နိုင်ငံရေးနှင့်အခြားသောအဖွဲ့များလည်း ပါဝင်နိုင်ပါသည်။

(ဂ) စီးပွားရေးကဏ္ဍ

သန်းခေါင်စာရင်းအချက်အလက်များမှ လူမှုအသိုက်အဝန်းအတွက် စီးပွားရေးလုပ်ငန်းအသစ်များ ဖော်ဆောင်ပေးရန် အထောက်အကူပြုပါလိမ့်မည်။ စီးပွားရေးလုပ်ငန်းတစ်ခု စတင်မှုမပြုမီ ရင်းနှီးမြှုပ်နှံသူများ ပထမဦးဆုံးစဉ်းစားသည်မှာ လူဦးရေဖြစ်ပါသည်။ ဤဒေသတွင် မည်သူတွေနေထိုင်သလဲ။ နေထိုင်သူများသည် လုံလောက်သောကျွမ်းကျင်မှုရှိပါသလား။ ဖြစ်တန်ခြေရှိသောစားသုံးသူက မည်သူလဲ။

(ဃ) သတင်းမီဒီယာ

သတင်းမီဒီယာများအနေဖြင့် သန်းခေါင်စာရင်းအချက်အလက်ကိုအသုံးပြုပြီး သတင်းအသစ်များ၊ ဆောင်းပါးများ၊ မှတ်တမ်းသတင်းများအစ ရှိသည်တို့အတွက် သုတေသနပြုနိုင်သည်။ သတင်းမီဒီယာများအနေဖြင့် နေရာကဏ္ဍအများအပြားတွင် အသုံးချနိုင်သည့် ထိရှလွယ်သော အစုအဖွဲ့များနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကိုလည်း သန်းခေါင်စာရင်းမှ ပေးစွမ်းနိုင်ပါသည်။

(င) ဒေသန္တရ ကော်မတီများ

သန်းခေါင်စာရင်းမှ ရရှိလာသောရလဒ်များသည် သင့်လူမှုအသိုက်အဝန်းထဲရှိလူအများကို တိုက်ရိုက်သက်ရောက်မှု ရှိစေပါသည်။ ရပ်ရွာအာဏာပိုင်များမှ ပြည်သူအားလုံးအတွက် အကျိုးဝင်သော၊ ကြီးမားကျယ်ပြန့်သော ဝန်ဆောင်မှုများပေးနိုင်ရန် စီမံကိန်းများရေးဆွဲရာတွင် သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုပါလိမ့်မည်။ ၎င်းဝန်ဆောင်မှုများထဲတွင် လက်ရှိကျောင်းတက်ရောက်နေသော ကလေးသူငယ်များအတွက်၊ နောင်အနာဂတ်အတွက်လိုအပ်သော စာသင်ကျောင်းများ၊ မိသားစုများအတွက် တန်ဖိုးမျှတအိမ်ယာများ၊ အလုပ်၊ ဆေးရုံ၊ စာသင်ကျောင်းများသို့ ပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ထုတ်ကုန်များ ဈေးကွက်ရောက်အောင်သယ်ယူပို့ဆောင်ရေးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု အစရှိသည်များ၊ မသန်စွမ်းများအတွက် ဝန်ဆောင်မှုများ၊ ကျွမ်းကျင်မှုအသစ် သင်ကြားလိုသူများအတွက် သင်တန်းများလည်း ပါဝင်ပါသည်။

လူမှုအသိုက်အဝန်းများမှလည်း သန်းခေါင်စာရင်းအချက်အလက်များကိုအသုံးပြုပြီး ဒေသဆိုင်ရာအာဏာပိုင်များထံမှ ဝန်ဆောင်မှုများ တောင်းဆိုရာတွင် အားဖြည့်အနေဖြင့် အသုံးချနိုင်သကဲ့သို့ ပြည်သူပိုင်သယံဇာတများအသုံးပြုခြင်းအတွက်လည်း တာဝန်ခံမှုအတွက် အရေးဆို နိုင်ပါသည်။

(စ) ကျောင်းသား၊ ကျောင်းသူများ၊ သုတေသနပညာရှင်များ၊ ပညာရပ်သမားများ

သန်းခေါင်စာရင်း အချက်အလက်များသည် လူမှု၊ စီးပွားရေး စသည့်ဘာသာရပ်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကျောင်းသား/ကျောင်းသူများ၊ သုတေသနပညာရှင်များနှင့်ပညာရှင်များအတွက် ကျယ်ပြောနက်ရှိုင်းသော အရေးကြီးသော သတင်းအချက်အလက်အရင်းအမြစ်များဖြစ်ပါသည်။ ကလေးသူငယ်များ၏ပညာရေးအတွက် အရေးကြီးသောအစိတ်အပိုင်းတစ်ခု ဖြစ်သည်သာမက ဂဏန်းသင်္ချာ၊ သမိုင်း၊ ပထဝီဝင်၊ အရပ်ဘက်နှင့် လူမှုလေ့လာရေးဘာသာရပ်များ၏ ကျောင်းသင်ရိုးညွှန်းတမ်းများအတွက်လည်း ထည့်သွင်းအသုံးပြုနိုင်သည်။

(ဆ) ရွေးကောက်ခံအဖွဲ့အစည်းများ၊ ကွန်ရက်များနှင့်အဖွဲ့အစည်းများ

သန်းခေါင်စာရင်းအချက်အလက်များသည် ကောင်းမွန်သောအုပ်ချုပ်မှုနှင့် ဒီမိုကရေစီသို့ဦးတည်သော ဖြစ်ပေါ်တိုးတက်မှုအတွက် အလွန်အရေးကြီးပါသည်။ ဥပမာအားဖြင့် ရွေးကောက်ခံတိုင်းဒေသကြီး ပြည်နယ်၊ ဒေသအလိုက်၊ ခရိုင်၊ မြို့နယ်အလိုက်မဲပေးခွင့်ရှိသော လူဦးရေကို ခန့်မှန်းနိုင်သည့်အတွက် သန်းခေါင်စာရင်းအချက်အလက်များကို ရွေးကောက်ပွဲပွင့်လင်းမြင်သာမှုရှိစေရန် အသုံးချနိုင်သည်။

သန်းခေါင်စာရင်းအချက်အလက် ထုတ်ပြန်မှုနှင့်ပတ်သက်သော ဆွေးနွေးပွဲ (သို့မဟုတ်) နှီးနှောဖလှယ်ပွဲ မည်သို့စီစဉ်မလဲ

အောက်ဖော်ပြပါအဆင့်များသည်သန်းခေါင်စာရင်းအချက်အလက်ထုတ်ပြန်မှု၊ ဖြန့်ဝေမှုနှင့်စပ်လျဉ်းသော ဆွေးနွေးပွဲပြုလုပ်ခြင်း၊ စီစဉ်ခြင်းအတွက် အထောက်အကူပြုပါလိမ့်မည်။ အခြေအနေတိုင်းသည် တစ်ခုနှင့်တစ်ခု တူညီမှုမရှိနိုင်သည်ကို သတိပြုပြီး ဖော်ပြပါအဆင့်များအား သင်ကြုံတွေ့ရသည့်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် စီစဉ်သူမှ ပြင်ဆင်ရန်လိုအပ်ပြီး ပါဝင်တက်ရောက်သူများအတွက် အဓိပ္ပာယ်ရှိသော ဆွေးနွေးပွဲဖြစ်စေရန် သတိပြုပါ။

ဆွေးနွေးပွဲတိုင်းသည် အားလုံးပါဝင်ဆွေးနွေးနိုင်သော အနေအထားဖြစ်စေရေး အမြဲ စိတ်ထဲတွင်ထားရှိပေးပါ။ သို့အတွက် တက်ရောက်သူများအားလုံးကို ပါဝင်လာစေပြီး ၎င်းတို့၏ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ဆွေးနွေးမှုနှင့် အပြန်အလှန်ဆွေးနွေးမှုတို့ ရရှိစေမည့် ဆန်းသစ်ပြီး ထိရောက်မည့်နည်းလမ်းများကို သုံးစွဲရန်လိုအပ်ပါလိမ့်မည်။

၁။ တက်ရောက်သူများကိုဖိတ်ကြားခြင်း

- ထိရောက်သော ဆွေးနွေးမှုများပြုလုပ်နိုင်ရန်နှင့် အချင်းချင်း အမြင်များဝေမျှနိုင်စေရန် ပါဝင်တက်ရောက်သူဦးရေကို အများဆုံးအယောက် ၅၀ဟု မှန်းထားပါ။
- အဓိကဦးစားပေးအဖွဲ့အစည်းများကို အောက်တွင် စာရင်းပြုစုထားရှိပါသည်။ အချို့သောအဖွဲ့အစည်းများနှင့် တွဲဖက်အစီအစဉ်ပြုလုပ်နိုင်ပါသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့်အတွေးအခေါ် အယူအဆမတူညီသူများထံမှ ဆွေးနွေးချက်များရရှိနိုင်စေမည်ဖြစ်ပါသည်။ ထိုသို့ပူးပေါင်းဆွေးနွေးရန်အခြေအနေမပေးသောအခါအချို့သောအဖွဲ့များဖြင့် ဆွေးနွေးပွဲသပ်သပ်စီ စီစဉ်နိုင်ပါသည်။

(က) ဘာသာရေးအဖွဲ့အစည်းများမှကိုယ်စားလှယ်များ
(ခ) လူမျိုးစုအရေးလှုပ်ရှားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ (တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိခဲ့ပါက)
(ဂ) အမျိုးသမီးအရေး ဆောင်ရွက်သောအဖွဲ့များမှ ကိုယ်စားလှယ်များ
(ဃ) လူငယ်အရေး ဆောင်ရွက်သောအဖွဲ့များမှ ကိုယ်စားလှယ်များ
(င) အစိုးရမဟုတ်သောအဖွဲ့များမှ ကိုယ်စားလှယ်များ
(စ) အထူးပြုစိတ်ဝင်စားသောအဖွဲ့များ
(ဆ) လူမျိုးစုအဖွဲ့ခေါင်းဆောင်များ
(ဇ) အခြားအရပ်ဘက်လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ
(ဈ) ရပ်ရွာခေါင်းဆောင်များ
(ည) မသန်စွမ်းကိုယ်စားလှယ်များ
(ဋ) သန်းခေါင်စာရင်းအချက်အလက်များကိုအသုံးပြုမည့် အစိုးရဌာနများမှကိုယ်စားလှယ်များ
(ဌ) သတင်းမီဒီယာမှကိုယ်စားလှယ်များ

- အခြားသောစီးပွားရေးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ရိုးရာယဉ်ကျေးမှု ခေါင်းဆောင်များလည်း ဖိတ်ကြားနိုင်ပါသည်။
- ဖိတ်ကြားလွှာကို တွေ့ဆုံပွဲမတိုင်မီ အနည်းဆုံး (၇) ရက် ကြိုတင်ပေးပို့ပါ။ ပေးပို့မှုပုံစံမှာ လူကိုယ်တိုင်စာပို့ခြင်းဖြစ်စေ၊ ဖက်စ်ဖြင့်ပို့ခြင်းဖြစ်စေ၊ (ဖြစ်နိုင်ပါက) အီးမေးလ်ပို့ခြင်းဖြစ်စေ ပို့နိုင်ပါသည်။ အလွယ်တကူမြင်တွေ့နိုင်သော နေရာများရှိ ကြေငြာသင်ပုန်းများတွင် ကြော်ငြာကပ်ခြင်းကိုလည်း ပြုလုပ်နိုင်ပါသည်။
- ဖိတ်စာပေးပို့ပြီးနောက် တက်ရောက်နိုင်မှုရှိမရှိကို တယ်လီဖုန်းဖြင့်ဆက်၍ အတည်ပြုချက်ရယူပါ။ တက်ရောက်သူများကို အချိန်နောက်ကျမှုမရှိစေဘဲ အခမ်းအနားမစတင်မီ စော၍လာရောက်ရမည့်အကြောင်း ပြောကြားပါ။

၂။ အစည်းအဝေးအတွက် ပြင်ဆင်သောအခါ

- ဖိတ်ကြားထားသော ဧည့်သည်အရေအတွက်အလိုက် သက်တောင့်သက်သာရှိစေမည့် ကျယ်ဝန်းသောအခန်းကို ရွေးချယ်ပါ။ အဖွဲ့ပေါ်မူတည်၍ ထိုင်ခုံများချထားပုံ ကွဲပြားနိုင်ပါသည်။ ဥပမာအားဖြင့် ပါဝင်တက်ရောက်သူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်အနေအထားဖြင့် ဆွေးနွေးနိုင်သောအခင်းအကျင်းအနေဖြင့် ယူပုံစံအနေအထားသည် ပိုမိုသင့်တော်သည်။ သေးငယ်သောအစုအဖွဲ့ ဆွေးနွေးပွဲများ (သို့မဟုတ်) ငြင်းခုံဆွေးနွေးခြင်းတို့အတွက် စားပွဲဝိုင်းငယ်များသည် ပိုမို၍ သင့်တော်ပါသည်။
- အသုံးပြုမည့်ဘာသာစကားကို သတ်မှတ်ပါ။ အကယ်၍ စကားပြန်လိုအပ်ပါက ကျွမ်းကျင်သောစကားပြန်ကို ခေါ်ယူပါ။ အစည်းအဝေးအချိန်သတ်မှတ်ချက်တွင် စကားပြန်မည့်အချိန်ကိုပါ ထည့်သွင်းတွက်ချက်ပါ။
- တက်ရောက်သူပရိသတ်အတွက် အကျိုးသက်ရောက်မှုရှိမည့် ဆွေးနွေးမှုပုံစံကိုဆုံးဖြတ်ပါ။ ဥပမာအားဖြင့် လူငယ်များ ပိုမိုပါဝင်သောအခါ ကစားနည်းများထည့်သွင်းခြင်းဖြင့် လူငယ်များကို ပိုမိုပူးပေါင်းလုပ်ဆောင်လာစေပါသည်။ တက်ရောက်သော ပရိတ်သတ်နှင့် ဟောပြောပွဲအတွက် ရရှိသောအချိန်အပေါ်တွင်မူတည်၍ အမေးအဖြေများ၊ ဉာဏ်စမ်းပဟေဋ္ဌိများ၊ ပြဇာတ်တိုများ၊ အုပ်စုဖွဲ့လုပ်ဆောင်မှုများနှင့် စဉ်းစားတွေးခေါ်မှုအစီအစဉ် စသည့်နည်းလမ်းများကို သုံးစွဲနိုင်သည်။ (အချို့နည်းလမ်းများသည် တစ်ခုနှင့်တစ်ခု ပူးတွဲလုပ်ဆောင်နိုင်သည်)
- စာရွက်စာတမ်းများ ပြင်ဆင်ပါ။ တက်ရောက်သူတိုင်းသည် ရွှေ့ပြောင်းလူဦးရေစာရင်း၊ ရွှေ့ပြောင်းလူဦးရေစာရင်းအနှစ်ချုပ်၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ် အဆင့်ဆင့်နှင့် ရွှေ့ပြောင်းလူဦးရေစာရင်းနှင့်ပတ်သက်၍ သိသင့်သည့်အချက်များ စသည့် သင်ထောက်ကူပစ္စည်းများကို အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။
- တက်ရောက်သူများကို အစည်းအဝေးအပြီးတွင် အကဲဖြတ်သုံးသပ်ချက် မေးခွန်းလွှာပေးအပ်ပါ။
- ဖြစ်နိုင်ပါက အဆာပြေစားသောက်ဖွယ်ရာများကို စီစဉ်ပေးပါ။ အစည်းအဝေးအတွင်း အစားအသောက်ဖြင့်တည်ခင်းခြင်းသည် သက်တောင့်သက်သာရှိပြီး အချင်းချင်းရင်းနှီးနစ်လိုဖွယ်အခြေအနေတစ်ခုဖြစ်စေ၍ အလွန်ကောင်းမွန်ပါသည်။
- တက်ရောက်သူများမှတ်စုရေးသားနိုင်ရန် ဘောပင်နှင့်စာရွက်ပံ့ပိုးပါ။
- ဆွေးနွေးချက်များအတွက် အဖွဲ့ထဲမှတစ်ဦးကို မှတ်စုထုတ်ရန်တာဝန်ပေးပါ။ တက်ရောက်သူများမှ ဆွေးနွေးချက်များ၊ မေးမြန်းချက်များ၊ အကြံပြုချက်များကို မှတ်သားထားပါ။ ၎င်းမှတ်စုများသည် သက်ဆိုင်ရာအာဏာပိုင်များ၊ ဒေသဆိုင်ရာ ခေါင်းဆောင်များ၊ အစိုးရဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ (သို့မဟုတ်) ပြည်သူ့အင်အားဦးစီးဌာနတို့နှင့် ပြန်လှန်ဆွေးနွေးမှုပြုလုပ်ရာတွင် အရေးကြီးပါသည်။
- တက်ရောက်သူများအားလုံးအတွက် ၎င်းတို့၏အဖွဲ့အစည်းနှင့်ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ (တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ) ကို မှတ်ပုံတင်ရေးသွင်းပါစေ။
- အကယ်၍ အုပ်စုဖွဲ့ဆွေးနွေးမှုပြုလုပ်ခြင်းဖြစ်ပါက အဖွဲ့ဝင်တစ်ဦးချင်း၏တာဝန်များကို ကြိုတင်သတ်မှတ်ပါ။ ဆွေးနွေးမှုပုံစံ၊ မည်သူက မည်သည့်အပိုင်းကို ဦးဆောင်ဆွေးနွေးမည်၊ ရှင်းလင်းမည် စသည်တို့ကို အတူတကွအစီအစဉ်ချမှတ်ပါ။ စီမံခန့်ခွဲမှုကိစ္စရပ်များ မည်သူကိုင်တွယ်မည် စသည်တို့ကိုစီစဉ်ပါ။ ဤလုပ်ငန်းဆောင်တာများကို (၂) ရက် ကြိုတင်ပြင်ဆင် စီစဉ်ခြင်းအားဖြင့် တက်ရောက်သူအဖွဲ့ဝင်များ ကြိုတင်ပြင်ဆင်မှုပြုနိုင်ပါသည်။

၃။ ဆွေးနွေးပွဲစီစဉ်သောအခါ

(က) တက်ရောက်သူများကိုကြိုဆိုပါ။ ၎င်းတို့၏ မအားလပ်သောလုပ်ငန်းတာဝန်များကြားမှ ယခုဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ရန် အချိန်အနည်းငယ်အသုံးပြုပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားပါ။ ၎င်းတို့၏တက်ရောက်မှုမှ သန်းခေါင်စာရင်း ဖြစ်စဉ်များနှင့်ဆက်စပ်၍ (၎င်းတို့၏အဖွဲ့အစည်း၊ ဌာနများ) အရေးပါမှုကို ဖော်ပြကြောင်း ပြောကြားပါ။

(ခ) သင်နှင့်ပူးတွဲစီစဉ်မည့်သူကို မိတ်ဆက်ပေးပါ။ တက်ရောက်သူများအား ၎င်းတို့ကိုယ်တိုင် မိတ်ဆက်ခိုင်းပါ။ မိတ်ဆက်ရာတွင် မိမိအမည်၊ အဖွဲ့အစည်း (သို့မဟုတ်) ဌာနအမည်၊ ရာထူးတို့ပါဝင်ပါစေ။

(ဂ) အစည်းအဝေးရဲ့ရည်ရွယ်ချက်၊ တက်ရောက်သူအားလုံး၏ ပါဝင်မှု၊ အချက်အလက်အသုံးပြုသူများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် သန်းခေါင်စာရင်းအချက်အလက်များမှ တိုက်ရိုက်အကျိုးသက်ရောက်မှုရနိုင်သည်ကို ထပ်မံဖြည့်တင်းပြောကြားပါ။

(ဃ) ဆွေးနွေးပွဲတွင်အသုံးပြုမည့် နည်းလမ်းနှင့်ပုံစံကို ဖော်ထုတ်ပြောကြားပါ။ တက်ရောက်သူများအား ရှင်းလင်းမှုမရှိသည်များကို ပွင့်လင်း၊ လွတ်လပ်စွာ မေးခွန်းမေးမြန်းနိုင်ကြောင်း အားပေးပါ။ "ရေခဲခွဲ"ကစားနည်းလှုပ်ရှားမှုဖြင့် တက်ရောက်သူများအား သက်တောင့်သက်သာဖြစ်စေရန်၊ တက်ရောက်သူအချင်းချင်း ဤဟောပြောပွဲအခမ်းအနား တက်ရောက်လိုခြင်းအကြောင်းရင်းများ အချင်းချင်းဝေမျှနိုင်စေရန် ဆောင်ရွက်ပါ။ တက်ရောက်သည့်အဖွဲ့အား အခမ်းအနားနှင့်လိုက်ဖက်ညီမည့် "ရေခဲခွဲ"ကစားနည်းကို မိမိကိုယ်တိုင် အကောင်အထည်ဖော်ပါ။

(င) သင့်အနေဖြင့် မိတ်ဆက်အခန်းတွင် ထည့်သွင်းပြောကြားလိုသည့် အချို့သောအဓိကသတင်းစကားအချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ (ဤစကားရပ်များအတိုင်းထည့်သွင်း ပြောကြားရမည်ဟု မဆိုလိုပါ။ သင့်အနေဖြင့် အချို့ကိုရွေးထုတ်ပြီး အခြားသော ရနိုင်သည့်သတင်းအချက်အလက်များကို ပရိတ်သတ်နှင့် ဆွေးနွေးပွဲအခင်းအကျင်းအတိုင်း ရွေးချယ်သုံးစွဲရန် ဖြစ်ပါသည်။)

- "ကျွန်တော်တို့နိုင်ငံမှာ သန်းခေါင်စာရင်းမကောက်ခဲ့လို့ တိကျခိုင်လုံတဲ့ အချိန်နဲ့တပြေးညီဖြစ်တဲ့ လူဦးရေအချက်အလက်တွေ မရှိတာ နှစ်၃၀ ကျော် ရှိခဲ့ပါပြီ။ ၂၀၁၄သန်းခေါင်စာရင်းကြောင့် ကျွန်တော်တို့ (မြို့အမည်) မြို့နယ်အတွင်းမှာ ဖွံ့ဖြိုးမှုအစီအစဉ်တွေ စီမံကိန်းတွေ ရေးဆွဲအကောင်အထည်ဖော်ရာမှာ အချိန်နဲ့တပြေးညီဖြစ်တဲ့ အချက်အလက်တွေကို သုံးစွဲခွင့်ရခဲ့ပါတယ်။ "
- "ဤအစည်းအဝေး၊ ဆွေးနွေးပွဲ၊ ရင်းနှီးစေခြင်း၏ရည်ရွယ်ချက်မှာ ပါဝင်ပတ်သက်သူများနှင့် ပြည်သူလူထုတို့အကြား၂၀၁၅ခု မေလတွင် ပင်မသန်းခေါင်စာရင်းရလဒ်ထုတ်ပြန်မှုအတွက် ကြိုတင်ပြင်ဆင်ရန် ဖြစ်ပါတယ်။ သန်းခေါင်စာရင်းဟူသည် ပြည်သူ့အကျိုးအတွက်ဖြစ်ပြီး ထွက်ပေါ်လာသောသတင်းအချက်အလက်များသည် ပြည်သူများမှပိုင်ဆိုင်ပါတယ်။ ဆိုလိုသည်မှာ သန်းခေါင်စာရင်းရလဒ်များကို (ကျန်းမာရေး၊ ပညာရေး၊ လူမှုဖူလုံရေး၊ စီးပွားရေး၊ အခြေခံအဆောက်အဦ) အစီအစဉ်ရေးဆွဲသူများမှ အသုံးပြုနိုင်ပြီး၊ ဖွံ့ဖြိုးမှုအတွက်လုပ်သားများ၊ နိုင်ငံရေးသမားများ၊ ဒေသန္တရအာဏာပိုင်များ၊ သုတေသနပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူမှုအသိုက်အဝန်းများနှင့် မိမိတို့အရပ်ဒေသနှင့်တနိုင်ငံလုံးရှိ လူမှုအစီအမံများ စီမံကိန်းရေးဆွဲမှု၊ စောင့်ကြည့်မှုနှင့်တာဝန်ခံစေမှု ပိုမိုကောင်းမွန်လာစေရန် ဆိုလိုပါတယ်။ "
- "လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေငြာထားသည့်အတိုင်း၂၀၁၄ခုနှစ် ဩဂုတ်လတွင် သန်းခေါင်စာရင်း ရွှေ့ပြောင်းလူဦးရေစာရင်းကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းရလဒ်များတွင် အမျိုးသား အမျိုးသမီး အရေအတွက်နှင့် စုစုပေါင်းလူဦးရေကို မြို့နယ်အဆင့်ထိ ဖော်ပြပါရှိပါတယ်။ ယခုအစည်းအဝေးပွဲတွင် ကျွန်တော်တို့ဤရလဒ်များကို လေ့လာသွားမည်ဖြစ်ပြီး သန်းခေါင်စာရင်းမှရရှိလာသော သတင်းအချက်အလက်များကို ပိုမိုနားလည်စေရန်နှင့် ကျွန်တော်တို့လူမှုအသိုက်အဝန်း၊ အဖွဲ့အစည်းနှင့် နိုင်ငံအတွက် မည်သို့အသုံးဝင်မည်ဆိုသည်ကို လေ့လာသွားကြမှာ ဖြစ်ပါတယ်။ "
- "ကနဦးရလဒ်များ ထုတ်ပြန်ခဲ့ပြီးဖြစ်သည့်အတွက် မူဝါဒချမှတ်သူများ၊ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဆွဲသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအာဏာပိုင်များသည် ပင်မအစီရင်ခံစာထုတ်ပြန်သည်အထိ စောင့်ဆိုင်းစရာမလိုတော့ဘဲ သန်းခေါင်စာရင်းအချက်အလက်များကို စတင်အသုံးပြုနိုင်ပြီ ဖြစ်ပါတယ်။ "
- "သန်းခေါင်စာရင်းရုံးတွင် လုပ်ဆောင်နေမှုများကိုလည်း မိမိတို့ အမြဲတစေ အသိပေးအကြောင်းကြားသွားမှာ ဖြစ်ပါတယ်။ ဤသို့ အသိပေးအကြောင်းကြားရာတွင် သန်းခေါင်စာရင်းပင်မအစီရင်ခံစာ မည်သည့်နေ့တွင်ထုတ်ပြန်မည်၊ မည်သည့်အကြောင်းအရာနှင့် စပ်လျဉ်းသည့်အစီရင်ခံစာ မည်သည့်နေ့ထုတ်ပြန်မည် စသည်တို့ပါဝင်ပါမည်။ "

(စ) နိုင်ငံအဆင့် ရွှေ့ပြောင်းလူဦးရေစာရင်းမှရလဒ်များ (စုစုပေါင်းလူဦးရေ၊ အမျိုးသားဦးရေ၊ အမျိုးသမီးဦးရေ) စသည်တို့ကို ဖော်ပြပါ။

(ဆ) တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ရွှေ့ပြောင်းလူဦးရေစာရင်းမှရလဒ်များ (တိုင်းဒေသကြီး/ ပြည်နယ်ရှိစုစုပေါင်းလူဦးရေ၊ အမျိုးသားဦးရေ၊ အမျိုးသမီးဦးရေ) စသည်တို့ကို ဖော်ပြပါ။

(ဇ) မြို့နယ်အဆင့်ရလဒ်များ (မြို့နယ်လူဦးရေစုစုပေါင်း၊ အမျိုးသားဦးရေ၊ အမျိုးသမီးဦးရေ) စသည်တို့ကိုဖော်ပြပါ။

(ဈ) ရွှေ့ပြောင်းလူဦးရေစာရင်းမှ ရလဒ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများဆောင်ရွက်ပါ။ တက်ရောက်သူများ မေးမြန်းနိုင်သည့် မေးခွန်းအချို့မှာ အောက်ပါအတိုင်း ဖြစ်နိုင်ပါသည်။

- ဤရလဒ်များက သင့်အတွက် မည်သို့အဓိပ္ပါယ်ဆောင်ပါသလဲ။
- ရွှေ့ပြောင်းအခြေချနေထိုင်မှု၊ ကျားမအချိုး၊ အိမ်ထောင်စုအရွယ်အစား၊ မြို့ပြဖြစ်ထွန်းမှု အစရှိသည့်ကိစ္စများနှင့်ပတ်သက်၍ ရလဒ်များက ဘာတွေကိုပြောပြပါသလဲ။
- ကွဲပြားခြားနားသောရလဒ်များ ယခုကဲ့သို့ထွက်ပေါ်လာစေခြင်း၏ အကြောင်းရင်းများက ဘာတွေဖြစ်နိုင်ပါလဲ။ ဘာတွေ ဆက်လက်လုပ်ဆောင်ဖို့ လိုပါသလဲ။
- တစ်ဦးချင်းအတွက်၊ ရပ်/ကျေးအဆင့်အတွက်၊ ခေါင်းဆောင်တစ်ဦးအတွက် သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသူတစ်ဦးအတွက် ဤသတင်းအချက်အလက်များက မည်သို့အသုံးဝင်ပါမလဲ။

(ည) ရှေ့ပြေးလူဦးရေစာရင်းရလဒ်များသည် ၂၀၁၅ခုနှစ် မေလတွင်ထုတ်ပြန်မည့် ပင်မသန်းခေါင်စာရင်းရလဒ်များနှင့် အနည်းငယ်ကွဲပြားမှု ရှိနိုင်မည်ဖြစ်ကြောင်း တက်ရောက်သူများကို ပြောပြပါ။ ပင်မရလဒ်များမှာ တိကျမှုအတွက် ပိုမို အသေးစိတ်သောဆန်းစစ်လေ့လာမှုများ လုပ်ဆောင်နေပါသည်။ သို့ရာတွင် ပါဝင်သောအဖွဲ့အစည်းများအနေဖြင့် အချိန်ကာလကြာမြင့်စွာ အချက်အလက်မပြည့်စုံမှုကို ရှေ့ပြေးလူဦးရေစာရင်းရလဒ်များဖြင့် ဖြည့်စွက်အသုံးပြုနိုင်ပါသည်။

(ဋ) ၂၀၁၅ခုနှစ် မေလတွင်ထုတ်ပြန်မည့် ပင်မအစီရင်ခံစာသည် ပို၍အသေးစိတ်မည်ဖြစ်ပြီး (အခြားအချက်များနှင့်ပူးတွဲလျက်) အောက်ဖော်ပြပါအချက်အလက်များ ပါဝင်ပါလိမ့်မည်။ ၎င်းအချက်အလက်အများစုသည် မြို့နယ်နှင့်ရပ်/ကျေးအဆင့်ထိ အသေးစိတ်ရရှိနိုင်ပါလိမ့်မည်။

- ကျား၊မ၊ အသက်အရွယ်၊ ကျေးလက်၊ မြို့ပြအလိုက် လူဦးရေပျံ့နှံ့မှု (ဥပမာ - ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ဒေသ၊ ခရိုင်၊ မြို့နယ်နှင့်ရပ်/ကျေးအဆင့်အလိုက် အချက်အလက်များ ခွဲခြားဖော်ပြပါမည်။)
- လူဦးရေသိပ်သည်းဆ (တစ်စတုရန်းကီလိုမီတာတွင် နေထိုင်သောဦးရေ)
- အိမ်ထောင်စုအရွယ်အစားနှင့် မြို့နယ်အလိုက် ကျား/မ အိမ်ထောင်ဦးစီးအရေအတွက်
- မြို့နယ်အလိုက် ကျားမအချိုး
- (ပညာရေး၊ ကျန်းမာရေးနှင့် လုပ်သားအင်အားစီမံကိန်းများအတွက်) သက်မှတ်အသက်အုပ်စုအလိုက် လူဦးရေပျံ့နှံ့မှု
- အိမ်ထောင်ရေးအခြေအနေနှင့် အိမ်ထောင်ဦးစီးနှင့်တော်စပ်ပုံအလိုက် လူဦးရေပျံ့နှံ့မှု
- တိုင်းဒေသကြီး /ပြည်နယ်များတွင် အသက်အရွယ်၊ ကျား/မအလိုက် နိုင်ငံခြားတွင် ရောက်ရှိ နေသော အိမ်ထောင်စုဝင်အရေအတွက်
- ကျား/မအလိုက် ပညာရေးအခြေအနေ (ကျောင်းတက်နေဆဲ၊ ကျောင်းနေဖူးနှင့် ကျောင်းလုံးဝမနေဖူး)
- အသက် ၅နှစ်မှ ၂၉နှစ်အတွင်း ပညာရေးအခြေအနေ
- ကျောင်းအပ်နှံမှုအချိုး အသားတင်နှင့်အကြမ်း (အခြေခံပညာ၊ အလယ်တန်းပညာ၊ အထက်တန်းပညာစသည်)
- အသက်အရွယ်နှင့်ကျားမအလိုက် စာတတ်မြောက်မှု
- အသက်အပိုင်းအခြားနှင့်ကျားမအလိုက် အလုပ်အကိုင်အမျိုးအစား (အလုပ်အကိုင်ရှိ၊ အလုပ်အကိုင်မဲ့၊ စီးပွားရေးအရ သက်ဝင်လှုပ်ရှားမှုမရှိ)
- အသက်အုပ်စုအလိုက် ကိုင်ဆောင်သောလက်မှတ်အမျိုးအစား
- အသက်နှင့်ကျားမအလိုက် မသန်စွမ်းလူဦးရေပျံ့နှံ့မှု
- မိသားစုအလိုက် နေထိုင်မှုအမျိုးအစား (ဥပမာကွန်ဒိုတိုက်ခန်း၊ တိုက်ခန်း၊ သစ်သားအိမ်၊ ဝါးအိမ်၊ တဲ၊ အစရှိသည်ဖြင့်)
- အဓိကအလင်းရောင်ရရှိမှုရင်းမြစ်
- သောက်ရေနှင့်သုံးရေရရှိရာပင်မရင်းမြစ်
- ချက်ပြုတ်ရာတွင်အသုံးပြုသော အဓိကလောင်စာအမျိုးအစား (လျှပ်စစ်မီး၊ ဓာတ်ငွေ့၊ ရေနံဆီ၊ ထင်း၊ မီးသွေး၊ ကောက်ရိုး အစရှိသည်)
- အိမ်ထောင်စုအလိုက် အသုံးပြုသောအိမ်သာအမျိုးအစား
- အိမ်အသုံးအဆောင်ပစ္စည်းများပိုင်ဆိုင်မှု (ရေဒီယို၊ တီဗွီ၊ မိုဘိုင်းဖုန်း၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ မော်တော်ကား အစရှိသည်)

(ဌ) ဇယားတွင်ဖော်ပြထားသော သတင်းအချက်အလက်များကိုအသုံးပြုပြီး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ သောက်သုံးရေရရှိမှု စသည့်ကဏ္ဍရပ်များအတွက် စီမံကိန်းရေးဆွဲခြင်းတို့တွင် အချက်အလက်များအား အသုံးပြုနိုင်သည့်နည်းလမ်းများ ဆွေးနွေးရန် စတင်ဆောင်ရွက်ပါ။ ဆွေးနွေးရာတွင် လုံလောက်သောအကြောင်းအချက်များ ထွက်ပေါ်လာမှုမရှိပါက သန်းခေါင်စာရင်းသတင်းအချက်အလက်များသည် အုပ်ချုပ်မှု၊ တာဝန်ခံမှုနှင့် ထိရောက်သောစီမံကိန်းများအတွက် မည်သို့အထောက်အကူပြုနိုင်သည်ကို ထောက်ပြဆွေးနွေးပါ။

(ဍ) သန်းခေါင်စာရင်းပင်မအစီရင်ခံစာကို ရိုက်နှိပ်ထုတ်ဝေမည်ဖြစ်ကြောင်းနှင့် စီဒီနှင့်အင်တာနက်ပေါ်တို့တွင်လည်း ဖြန့်ဖြူးမည်ဖြစ်ကြောင်း တက်ရောက်သူများကိုရှင်းပြပါ။ သန်းခေါင်စာရင်းအချက်အလက်များအားလုံးသည် အခမဲ့ရယူနိုင်မည်ဖြစ်ပါသည်။ ပင်မအစီရင်ခံစာတွင် အချက်အလက်များသည် နိုင်ငံအဆင့်မှမြို့နယ်အဆင့်အထိ၊ အချို့သောကိစ္စရပ်များအတွက် ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်အထိ အသေးစိတ်ပါဝင်မည် ဖြစ်ပါသည်။

(ဎ) သန်းခေါင်စာရင်းအချက်အလက်များကို ကျွမ်းကျင်ပညာရှင်များနှင့် ဘာသာရပ်အလိုက်ကျွမ်းကျင်သူများမှ လူဦးရေဆိုင်ရာနှင့် လူမှုစီးပွားရေးဆိုင်ရာ အကြောင်းအရာများကို လေ့လာဆန်းစစ်သည့်အစီရင်ခံစာများ ထပ်မံပြုစုသွားမည် ဖြစ်ပါသည်။ ဘာသာရပ်အလိုက် လေ့လာဆန်းစစ်သည့်အစီရင်ခံစာများတွင် အောက်ပါအကြောင်းအရာများပါဝင်မည်ဖြစ်ပြီး အဓိကအားဖြင့် အောက်ပါအတိုင်း တင်ပြသွားမည်ဖြစ်ပါသည်။

- **မွေးဖွားမှု-** မြန်မာနိုင်ငံတွင် မျိုးဆက်ပွားနိုင်သည့်အရွယ်ရှိအမျိုးသမီးများတွင် ကလေးသူငယ် မည်မျှရှိနေပါသလဲ။ လူပျိုဘော်၊ အပျိုဘော်ဝင်စ ကလေးသူငယ်အရွယ်တွင် မွေးဖွားမှုပိုမိုများပြားနေပါသလား။ ကျေးလက်နှင့်မြို့ပြရှိ အမျိုးသမီးများ၏ ကလေးမွေးဖွားမှုတွင် ကွာဟမှုရှိပါသလား။ ပညာတတ်မြောက်မှုမြင့်မားသည့်အမျိုးသမီးနှင့် ပညာတတ်မြောက်မှုနိမ့်ကျသည့် အမျိုးသမီးတို့ ကလေးမွေးဖွားမှုကွာဟချက် ရှိပါသလား။ လူမှုဝန်ဆောင်မှုလုပ်ငန်းများ၊ ကလေးသူငယ်စောင့်ရှောက်မှုနှင့် အမျိုးသမီးများ ပညာဆက်လက်သင်ယူနိုင်မှု အစရှိသည်တို့၏ အခြေအနေပေါ်တွင် အကျိုးသက်ရောက်မှုဘာတွေရှိပါသလဲ။ ဤအကြောင်းအရာကို သိမြင်မှုပိုမိုလာစေရန် မြို့နယ်အဆင့်တွင် သင့်အနေဖြင့်ဘာလုပ်နိုင်ပါသလဲ။
- **သေဆုံးမှု-** တစ်နှစ်အောက်ကလေး သေဆုံးမှုအရေအတွက်၊ အသက်ငါးနှစ်မပြည့်မီ သေဆုံးမှုအရေအတွက်၊ မြန်မာနိုင်ငံအတွင်း အသက်အရွယ်အလိုက်နှင့် ကျားမအလိုက် ပျမ်းမျှသက်တမ်း၊ ယောကျာ်း၊ မိန်းမ ကွာဟမှုရှိပါသလား။ ကျေးလက်နှင့်မြို့ပြ ကွာဟမှုရှိပါသလား။ လူမှုဖူလုံရေးကိစ္စများနှင့်ဆက်နွှယ်၍ မည်သို့သက်ရောက်မှုရှိပါသလဲ။
- **ပြောင်းရွှေ့သွားလာခြင်းနှင့် မြို့ပြအခြေအနေ** - လူတွေ ဘာကြောင့်ပြောင်းရွှေ့ကြသလဲ။ ဘယ်နေရာဒေသသို့ ပြောင်းရွှေ့ကြသလဲ။ အမျိုးသား၊ အမျိုးသမီး ပြောင်းရွှေ့မှုနှုန်း အတူတူပဲလား။ ကျေးလက်မှမြို့ပြသို့၊ ကျေးလက်မှကျေးလက်သို့၊ မြို့ပြမှကျေးလက်သို့ (ဒါမှမဟုတ်) မြို့ပြမှမြို့ပြသို့ ပြောင်းရွှေ့မှုများတွင် မည်သည့်ပြောင်းရွှေ့မှုက ပိုများပါသလဲ။ ဒီလို ပြောင်းရွှေ့အခြေချမှုတွေကြောင့် လူမှုဝန်ဆောင်မှုလုပ်ငန်းတွေမှာ ဘယ်လိုသက်ရောက်မှုရှိသလဲ။
- **ပညာရေးနှင့်စာတတ်မြောက်မှု** - ကျောင်းတက်နေတဲ့ ယောကျာ်းလေးဦးရေ ဘယ်လောက်ရှိသလဲ။ ကျောင်းတက်နေတဲ့ မိန်းကလေးဦးရေ ဘယ်လောက်ရှိသလဲ။ ယောကျာ်းလေး၊ မိန်းကလေးပညာ အရည်အချင်း (ကျောင်းပြီးဆုံးအောင် တက်ရောက်မှုနှုန်းစသည်) ဘယ်လောက်အဆင့်ရှိသလဲ။ ကျေးလက်၊ မြို့ပြကွာခြားမှု ဘယ်လောက်ရှိသလဲ။ ကလေးတွေ အကြား၊ အမျိုးသား၊ အမျိုးသမီးအကြား ပညာရေးအခြေအနေနဲ့ စာတတ်မြောက်မှု ဘယ်ဟာကသက်ရောက်မှုရှိသလဲ။ အဆင့်တစ်ခုမှာ လူတွေဘာလို့ ကျောင်းထွက်ကြရတာလဲ။ နိုင်ငံတွင်းမှာ (ဒါမှမဟုတ်) သင့်မြို့နယ်တွင်းမှာ ပညာတက်တဲ့သူ အလုံအလောက်ရှိနေပြီလား။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် (ဒါမှမဟုတ်) သင့်တိုင်းဒေသကြီး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် ဒီကွာဟမှုတွေက ဘယ်လိုသက်ရောက်မှုရှိသလဲ။ သင့်မြို့နယ်တွင်းမှာ ပညာသင်ယူနိုင်မှုနှင့် သင်ကြားသည့် ပညာအရည်အသွေးတိုးတက်လာစေဖို့ ဘာတွေလုပ်ဆောင်ဖို့လိုသလဲ။
- **လုပ်သားအင်အား-** လူဦးရေဘယ်လောက် အလုပ်လုပ်နေသလဲ။ ဘယ်လိုအလုပ်အကိုင်မျိုးလည်း၊ ဘယ်လိုလုပ်ငန်း အမျိုးအစားတွေမှာ အလုပ်လုပ်နေကြသလဲ။ အလုပ်လက်မဲ့ဦးရေ ဘယ်လောက်ရှိသလဲ။ အလုပ်လက်မဲ့ဦးရေထဲမှာ အမျိုးသမီးဘယ်လောက်ပါလဲ။ ကျေးလက်၊ မြို့ပြကွာဟမှုက ဘယ်လောက်လဲ။ သင့်မြို့နယ်မှာရော ဘယ်လိုရှိသလဲ။ ဒါနဲ့ပတ်သက်ပြီး ဘာလုပ်နိုင်သလဲ။

- **မသန်စွမ်းမှု** - မသန်စွမ်းအရေအတွက် ဘယ်လောက်ရှိသလဲ။ အများစုက ဘယ်လိုမသန်စွမ်းမှုမျိုးလဲ။ ဘယ်အသက်အရွယ်မျိုးမှာ အများဆုံးဖြစ်သလဲ။ အမျိုးသား၊ အမျိုးသမီးဦးရေအကြား ကွာဟမှုရှိသလား။ မသန်စွမ်းတွေ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို မြို့နယ်အဆင့်မှာ သင်ဘာတွေလုပ်ပေးနိုင်သလဲ။
- **ကလေးသူငယ်နှင့် အရွယ်မရောက်သေးသူများ-** လူဦးရေဆိုင်ရာ အကြောင်းအရာတွေနဲ့ လူမှုစီးပွားရေးအချက်အလက်များက ကလေးသူငယ်နှင့် အရွယ်မရောက်သေးသူများအပေါ် ဘယ်လိုအကျိုးသက်ရောက်ပါသလဲ။ ကလေးသူငယ်သေဆုံးမှုနှုန်း မြင့်နေပါသလား။ ကလေးသူငယ်များ ကျောင်းတက်နိုင်သလား၊ ကျောင်းမနေနိုင်ဘူးလား။ ပညာဆည်းပူးခြင်းအားဖြင့် ယောကျာ်းလေး မိန်းကလေး ဘယ်လိုသက်ရောက်မှုရှိပါသလဲ။ အရွယ်မရောက်သေးသူကို အလုပ်အကိုင်ပေးနိုင်မှု ရှိပါသလား။ အခြားစီးပွားရေးအခွင့်အလမ်းများ ရှိပါသလား။ သင့်မြို့နယ်တွင်းမှာ ဘယ်လိုရှိပါသလဲ။ ဘာတွေလုပ်ဆောင်နိုင်ပါသလဲ။
- **သက်ကြီးလူဦးရေ-** မည်သည့်အသက်အရွယ်ကို သက်ကြီးရွယ်အိုလို့ သတ်မှတ်ပါသလဲ (၆၅နှစ်အထက်လား) သက်ကြီးသူများတွင် သေဆုံးမှုနှုန်း ဘယ်လိုရှိပါသလဲ။ သက်ကြီးတွေအနေနဲ့ စီးပွားရေးအခွင့်အလမ်း ရှိပါသလား။ မသန်စွမ်းမှုက သက်ကြီးတွေအပေါ် ဘယ်လိုသက်ရောက်မှုရှိပါသလဲ။ သက်ကြီးတွေက မိသားစုရဲ့အကြီးအကဲတွေလား။ မိသားစုရဲ့အကျိုးကျေးဇူးကို ခံစားခွင့်ရှိသူတွေ ဖြစ်ပါသလား။
- **အိမ်အဆောက်အအုံအခြေအနေ၊ အိမ်အသုံးအဆောင်များနှင့်ပိုင်ဆိုင်မှု** - မြန်မာပြည်သူလူထုတွေ နေထိုင်နေကြတာက ဘယ်လို အိမ်အမျိုးအစားတွေပါလဲ။ လျှပ်စစ်မီး သုံးစွဲနိုင်ကြပါသလား။ သန့်ရှင်းသောသောက်သုံးရေ သုံးစွဲနိုင်ကြပါသလား။ စနစ်ကျသော အိမ်သာနှင့် သန့်ရှင်းမှုရှိကြပါသလား။ အခြေခံအိမ်သုံးပစ္စည်းများ (အဓိကသတင်းအချက်အလက်ရယူရာဖြစ်သော ရေဒီယို၊ ရုပ်မြင်သံကြား စသည့်) ပိုင်ဆိုင်ကြပါလား။ မည်သို့သောနည်းဖြင့် ခရီးသွားလာကြပါသလဲ။ သင့်မြို့နယ်အတွင်းမှာ အခြေအနေ ဘယ်လိုရှိပါသလဲ။ မြို့နယ်အဆင့်တွင် ဘာတွေလုပ်ဆောင်နိုင်ပါသလဲ။
- **လူဦးရေတိုးပွားမှုခန့်မှန်းချက်** - သက္ကရာဇ် ၂၀၁၄ခုနှစ်မှသည် သက္ကရာဇ်၂၀၆၄ခုနှစ် အထိ မြန်မာနိုင်ငံ၏လူဦးရေ မည်မျှရှိပါမလဲ။ ကျောင်း၊ ဆေးရုံ၊ အိုးအိမ်၊ အခြေခံအဆောက်အအုံ စသည်တို့အတွက် မည်သို့သက်ရောက်မှုမျိုးရှိပါမည်လဲ။ နောက်ထပ် ၁၀နှစ်၊ နှစ် ၂၀တွင် သင့်မြို့နယ်တွင်းမှာ လူဦးရေဘယ်လောက်ရှိပါမလဲ။ ဘာတွေလုပ်ဆောင်ဖို့လိုပါသလဲ။
- **အမျိုးသား၊ အမျိုးသမီးမတူညီမှု-** ကျား၊ မ မတူညီမှုဆိုင်ရာအတွက် သန်းခေါင်စာရင်းက ဘာပြောပါသလဲ။ အမျိုးသမီး သေဆုံးမှုက အမျိုးသားထက် များပြားနေပါသလား။ အမျိုးသားများက အမျိုးသမီးများထက် ရွှေ့ပြောင်းအခြေချမှု ပိုများနေပါသလား။ ကျောင်းတက်အရွယ်တွင် ယောကျာ်းလေးက မိန်းကလေးထက် ပိုများနေပါသလား။ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုက အမျိုးသားဦးစီးသည့်အိမ်ထောင်စုအရေအတွက်ထက် များနေပါသလား။ အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးလုပ်ငန်းများအတွက် အမျိုးသားအမျိုးသမီး တန်းတူအခွင့်အရေးရပါသလား။ အမျိုးသားနှင့်အမျိုးသမီး အိမ်ယာနှင့် အဆောက်အအုံပိုင်ဆိုင်မှု ဘယ်လိုရှိပါသလဲ။ ဤခြားနားချက်ကြောင့် ဘာတွေအကျိုးသက်ရောက်မှုရှိပါသလဲ။

(ဏ) ဤအချက်အလက်များ၏အသုံးဝင်မှုနှင့် အသုံးချမှုအတွက် အကျိုးရှိမှု၊ ၎င်းတို့၏တစ်နေ့တာဘဝ၊ လုပ်ငန်းခွင်များအပေါ် ထိရောက်မှု (သို့မဟုတ်) အကျိုးသက်ရောက်မှုတို့ကို မြင်သာအောင် တက်ရောက်လာသူများနှင့် အလေးအနက်ထား၍ စဉ်းစားဆွေးနွေးပါ။

(တ) ဖြစ်ပေါ်လာနိုင်သည့်စိုးရိမ်မှုများနှင့် မှားယွင်းသတင်းပေးမိမှုမျိုးအတွက် သတိထားပါ။ စိုးရိမ်မှုများနှင့်ပတ်သက်၍ ရှင်းလင်းအောင် ဖြေကြားနိုင်မှုမရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြောပြတိုင်ပင်ပါ။ (သို့မဟုတ်) feedback2014census@unfpa.org သို့အီးမေးလ်ပို့မေးမြန်းပါ။

(ထ) သက္ကရာဇ်၂၀၁၅ခု၊ မေလတွင် ပင်မသန်းခေါင်စာရင်းရလဒ်ထုတ်ပြန်ပြီး နောက်ပိုင်းပါဝင်လုပ်ဆောင်သူများအနေဖြင့် ထိရှလွယ်သောကိစ္စရပ်များနှင့် စွမ်းရည်မြှင့်တင်မှုလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်လိမ့်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားပါ။

ပံ့ပိုးဆောင်ရွက်မှုအတွက် နည်းလမ်းများ

၁။ နားထောင်ပါ

- မေးခွန်းများ၊ ဆွေးနွေးချက်များ၊ စိုးရိမ်ပူပန်မှုများအားလုံးကို နားထောင်ပါ၊ ဆွေးနွေးပြောဆိုလာသောမည်သူကိုမဆို သင့်အနေဖြင့် အာရုံအပြည့်အဝစိုက်နားဆင်ရန် လိုအပ်ပါသည်။ ဤသို့နားဆင်ခြင်းအားဖြင့် သင့်အနေဖြင့် သူတို့၏ ကိစ္စရပ်များကို အထူးအလေးထားကြောင်း သိပါလိမ့်မည်။
- သူတို့တင်ပြလာသော အကြောင်းအရာကို မိမိကိုယ်ပိုင်စကားလုံးဖြင့် ပြန်လည်ပြောကြားခြင်းအားဖြင့် နားလည်သဘောပေါက်ကြောင်း အသိအမှတ်ပြုပါ။
- ကျွန်တော်မသိပါဘူး (သို့မဟုတ်) ကျွန်တော်မသေချာပါဘူးဟူ၍ ပြောဆိုရန်အဆင်ပြေပါသည်။ မေးမြန်းတင်ပြလာသော ပုဂ္ဂိုလ်အား ၎င်းအကြောင်းအရာကို ပြန်လည်လေ့လာပြီး ဖြေကြားမည်ဖြစ်ကြောင်းအသိပေးပါ။
- တင်ပြလာသော အဓိကအကြောင်းအရာကို ရေးသားမှတ်သားပါ။ ၎င်းမှတ်စုများကိုစုစည်းပြီး အခြားသော သန်းခေါင်စာရင်းကြီးကြပ်ရေးအဖွဲ့အစည်းများနှင့် ဝေမျှနိုင်သည်။

၂။ ဝင်ရောက်ဆွေးနွေးပါ

- တက်ရောက်သူအားလုံး ပါဝင်ဆွေးနွေးနိုင်စေမည့်အခွင့်အရေးရရှိစေရန် ဆောင်ရွက်ပါ။ တက်ရောက်သူအားလုံးကို ၎င်းတို့၏အမြင်များသည် ယခင် ပြောဆိုဆွေးနွေးဖူးသည့် အကြောင်းအရာများနှင့် တူညီသည်ဖြစ်စေ၊ ကွဲပြားခြားနားသည်ဖြစ်စေ ထုတ်ဖော်ပြောကြားဖို့ ဖိတ်ကြားပါ။
- တက်ရောက်သူများ ပိုမိုပါဝင်နိုင်မည့် (အမေးအဖြေကဏ္ဍ၊ ဉာဏ်စမ်းပဟေဠိ၊ အုပ်စုဖွဲ့ကစားနည်းများ အစရှိသည်ဖြင့်) နည်းလမ်းများကို အသုံးပြုပါ။
- ကွဲပြားခြားနားသောအမြင်များကို ကြိုဆိုကြောင်းနှင့် မည်သူ့ကိုမျှနိုင်ငံ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်မြို့နယ်လုံး ကိုယ်စားပြု ကျွမ်းကျင်ပညာရှင်နှင့် ပြောရေးဆိုခွင့်ရှိသူဖြစ်ရမည်ဆိုသည်မျိုး မရှိကြောင်း အထပ်ထပ်ပြောကြားပါ။
- အမျိုးသမီးများ၊ လူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းများ စသည့်အဖွဲ့များကိုလည်း သူတို့၏အမြင်များကို ထုတ်ဖော်လာစေရန် တိုက်တွန်းမှုပြုပါ။

၃။ အတည်ပြုပြီး နိဂုံးချုပ်ပါ

- သန်းခေါင်စာရင်းအချက်အလက်သည် နိုင်ငံနှင့်ဒေသန္တရအဆင့်တိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းရေးဆွဲရာတွင်သာမက ဒီမိုကရေစီသို့ ပြုပြင်ပြောင်းလဲရာတွင်လည်း အဓိကကျသောအချက်ဖြစ်ကြောင်း ထပ်မံအတည်ပြုပြောကြားပါ။
- သန်းခေါင်စာရင်းရလဒ်များနှင့် အစီရင်ခံစာများကို အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ထပ်တလဲလဲ ပြောကြားပါ။ ထုတ်ပြန်ပြီးနောက်ပိုင်းတွင် စိတ်ပါဝင်စားသူတိုင်းအတွက် ရိုက်နှိပ်ထုတ်ဝေခြင်း၊ အီလက်ထရွန်နစ်ပုံစံများဖြင့် ရနိုင်မည်ဖြစ်ပါသည်။
- တက်ရောက်သူများအား အခြားသတင်းအချက်များသိလိုပါက ဆက်သွယ်ရန်ဖုန်းနံပါတ်များပေးပြီး နိဂုံးချုပ်ပါ။ သဘောထားမှတ်ချက်များ၊ မေးခွန်းများ (သို့မဟုတ်) ပြန်လှန် ဆွေးနွေးချက်များကို feedback2014census@unfpa.org သို့ ပေးပို့နိုင်ပါသည်။





ဆွေးနွေးပွဲတက်ရောက်သူ၏ အကြံပြုချက်များ

<u>တက်ရောက်သူ၏ ကိုယ်ရေးအကျဉ်း</u>

☐ ကျား ☐ မ

အသက်အပိုင်းအခြား ☐ ၁၅ – ၂၄ ☐ ၂၅ – ၂၉ ☐ ၃၀ – ၄၉ ☐ ၅၀နှင့် အထက်

၁။ မည်သည့်အဖွဲ့အစည်းမှ ကိုယ်စားပြု တက်ရောက်ပါသလဲ?

ဘာသာရေးအဖွဲ့ ☐ NGO/INGO ☐
လူမျိုးစုအဖွဲ့ ☐ အစိုးရအဖွဲ့အစည်း ☐
အမျိုးသမီးအဖွဲ့ ☐ ပုဂ္ဂလိကအဖွဲ့အစည်း ☐
လူငယ်အဖွဲ့ ☐ အခြားအဖွဲ့ ____________________

၂။ ဤဆွေးနွေးပွဲပြီးနောက် သန်းခေါင်စာရင်း၏ရည်ရွယ်ချက်နှင့် ကျွန်ုပ်တို့တိုင်းပြည်နှင့် အဖွဲ့အစည်းအတွက် မည်သို့ အကျိုးရှိသည်ကို ရှင်းလင်းစွာ သိရှိနားလည်လာပါသည်။

☐ အပြည့်အဝသဘောတူသည်။
☐ သဘောတူသည်။
☐ သဘောတူသည်လည်းမဟုတ်၊ မတူသည်လည်းမဟုတ်။
☐ သဘောမတူပါ။
☐ လုံးဝသဘောမတူပါ။

၃။ သန်းခေါင်စာရင်းနှင့် ပတ်သက်သော မှားယွင်းသည့် ယူဆချက်အချို့ကို ဆွေးနွေးပွဲက ဖြေရှင်းပေးနိုင်သည်။

☐ အပြည့်အဝသဘောတူသည်။
☐ သဘောတူသည်။
☐ သဘောတူသည်လည်းမဟုတ်၊ မတူသည်လည်းမဟုတ်။
☐ သဘောမတူပါ။
☐ လုံးဝသဘောမတူပါ။

၄။ သန်းခေါင်စာရင်းနှင့် ပတ်သက်သော သံသယအချို့ကို ဆွေးနွေးပွဲက ဖယ်ရှားပေးခဲ့သည်။

☐ အပြည့်အဝသဘောတူသည်။
☐ သဘောတူသည်။
☐ သဘောတူသည်လည်းမဟုတ်၊ မတူသည်လည်းမဟုတ်။
☐ သဘောမတူပါ။
☐ လုံးဝသဘောမတူပါ။

၅။ သန်းခေါင်စာရင်းမှ ရလဒ်များကို ထုတ်ပြန်မည့်အစီရင်ခံစာအမျိုးမျိုးကို သိရှိပြီး အဖွဲ့အစည်းအမျိုးမျိုးမှ မည်သို့ အသုံးပြုနိုင်မည်ကိုလည်း သိရှိပါသည်။

☐ အပြည့်အဝသဘောတူသည်။
☐ သဘောတူသည်။
☐ သဘောတူသည်လည်းမဟုတ်၊ မတူသည်လည်းမဟုတ်။
☐ သဘောမတူပါ။
☐ လုံးဝသဘောမတူပါ။

၆။ သန်းခေါင်စာရင်းရလဒ်များ ထုတ်ပြန်မည့်အကြောင်းကို ကျွန်ုပ်၏ ဌာန/အဖွဲ့အစည်းသို့ လွယ်ကူစွာ ပြန်လည်ရှင်းပြနိုင်သည်။

☐ အပြည့်အဝသဘောတူသည်။
☐ သဘောတူသည်။
☐ သဘောတူသည်လည်းမဟုတ်၊ မတူသည်လည်းမဟုတ်။
☐ သဘောမတူပါ။
☐ လုံးဝသဘောမတူပါ။

၇။ သန်းခေါင်စာရင်းလုပ်ငန်းစဉ် နောက်တစ်ဆင့်တွင် အောက်ပါအတိုင်း ပါဝင်ရန် ဆန္ဒရှိပါသည် -

(က) ပင်မသန်းခေါင်စာရင်းနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ရရှိခြင်း
☐ မှန် ☐ မှား
(ခ) ပင်မသန်းခေါင်စာရင်းရလဒ် ထုတ်ပြန်ချိန်တွင် လူထုစည်းရုံးရေးမှူးတစ်ဦးအဖြစ် ဆောင်ရွက်ခြင်း
☐ မှန် ☐ မှား
(ဂ) အခြား ______________________________

၈။ ဆွေးနွေးပွဲကို ယခုထက် ပိုမိုကောင်းမွန်အောင် သင်မည်သည့်အကြံဉာဏ်များ ပေးလိုပါသလဲ။

၉။ အခြားအကြံပြုချက်များ

အချက်အလက်များ အသေးစိတ်ထပ်မံသိရှိလိုပါက

www.dop.gov.mm

http://myanmar.unfpa.org/census